မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၄၃)၊ ၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ၁၆-၁၁-၂၀၂၆၊ တနလင်္ဂနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကြည်ညိုစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သီတဂူဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ မေးမြန်းလျှောက်ထား

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် သီတဂူဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

စာမျက်နှာ ၃ သို့ ☆

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၁၅

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တနသင်္ဂါရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ



ဆင်သေရေလွှဲဆည်တွင် ရေထုတ်ရေတံခါး ခုနစ်ခု၊ ရေထိန်းရေတံခါး ၁၀ ခု ထည့်သွင်းတည်ဆောက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၅

၂၀၂၅ မန္တလေးငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မူလဆင်သေရေလွှဲဆည်၏အထက်ဘက်၌ ပညာရှင်များ ကွင်းဆင်းအတည်ပြုပြီး တပ်ကုန်းမြို့နယ် သရက်ကွင်းကျေးရွာအနီး အသစ်တည်ဆောက်လျက်ရှိသည့် ဆင်သေရေလွှဲဆည်တွင် လက်ဝဲတာပေါင် ပေ ၇၅၀၊ လက်ယာတာပေါင် ပေ ၃၇၀၀ နှင့် တမံအမြင့် ၁၇ ပေ၊ ရေထုတ်ရေတံခါး ခုနစ်ခု၊ ရေထိန်းရေတံခါး ၁၀ ခု ထည့်သွင်းတည်ဆောက်လျက်ရှိပြီး ရေဝပ်ဧရိယာ ၈၁၅ ဧကရှိ အဆိုပါ ဆင်သေရေလွှဲဆည်သည် ဆင်သေရေလှောင်တမံမှ ဆည်ရေများကို လက်ဝဲလက်ယာ ရေပေးမြောင်းများမှတစ်ဆင့် ရေသောက်စနစ်အတွင်းရှိ စိုက်ပျိုးမြေဧက ၁၁၆၀၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၄ သို့ ❖

မုန်တိုင်းငယ်၏ အရှိန်ကြောင့် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၅

မုန်တိုင်းငယ်အခြေအနေ

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၄၉၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ၊ ဗီဆာကာပတ္တနမ်မြို့၏

စာမျက်နှာ ၃ သို့ ❊

၁၅-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၀:၃၀ နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ



မော်လမြိုင်မြို့နယ်၌ မိုးစပါးရိတ်သိမ်းမှု ကြည့်ရှုစစ်ဆေး



မော်လမြိုင် နိုဝင်ဘာ ၁၅

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကော့ခနိကျေးရွာရှိ အေးချမ်းအောင်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အသင်းသားတောင်သူများ စိုက်ပျိုးထားသည့် မိုးစပါးရိတ်သိမ်းမှု အခြေအနေများကို မြို့နယ်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ယမန်နေ့တွင် ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၄ သို့ ❊

ချမ်းမြသာစည်မြို့နယ် လူထုအခြေပြုဗဟိုဌာနဌ "မွေးရပ်ဌာနေ ပတ္တမြားမြေ" စာအုပ်မိတ်ဆက်ပွဲ ကျင်းပ

မန္တလေး၊ နိုဝင်ဘာ ၁၅

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ စာရေးဆရာများအသင်း (ချမ်းမြသာစည်မြို့နယ်) တို့ပူးပေါင်း၍ စာရေးဆရာ ရဲတင့်ထွန်း(နီလာမြေ) ရေးသားသော "ကျန်တော်၏ မွေးရပ်ဌာနေ ပတ္တမြားမြေ" စာအုပ်နှင့် "ကျန်တော်၏ ဒုတိယဌာနေ မန္တလာမြေ" စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန (community centre)ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကား ပြောကြားပြီး စာရေးဆရာ ဆွေနွယ်ဦးနှင့် စာရေးဆရာမကြီး နုနုကြည်(အမေအိမ်)တို့က မုဒိတာစကားပြောကြားကြသည်။

ထို့နောက် စာရေးဆရာ ရဲတင့်ထွန်းက "ကျွန်တော်၏ မွေးရပ်ဌာနေ ပတ္တမြားမြေ" စာအုပ်နှင့် "ကျွန်တော်၏ ဒုတိယဌာနေ မန္တလာမြေ" ရေးသားထုတ်ဝေသည့် စာအုပ်နှင့်ပတ်သက်၍ မိုးကုတ်ပတ္တမြားမြေမှ ကိုယ်တွေ့အတွေ့အကြုံများ၊ မိုးကုတ်မြို့၏ အထင်ကရဘုရားသမိုင်းကြောင်းများ၊ အထင်ကရနေရာသမိုင်းကြောင်းများ၊ မိုးကုတ်မြေမှထွက်ရှိသော အဖိုးတန်မိုးကုတ်ပတ္တမြားအကြောင်းများ ရေးသားလျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါ စာအုပ်မိတ်ဆက်ပွဲသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ပေါင်းစုံမှ စာရေးဆရာများ တက်ရောက်ခဲ့ပြီး မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် မြို့နယ်ရုံးအတွက် စာရေးဆရာ ရဲတင့်ထွန်း ရေးသားသောစာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

(၀၆၉)

o–o–o–o–o

အခြေခံပညာအလယ်တန်းအဆင့် ဥပဒေသင်ခန်းစာများပါဝင်သော စာရိတ္တနှင့်ပြည်သူ့နိတိ ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ (မြို့နယ်အဆင့်) ဒုတိယနေ့ ဆက်လက်ကျင်းပ

ကျောက်ပန်းတောင်း၊ နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာအလယ်တန်းအဆင့်သင် ဆရာ၊ ဆရာမများ အခြေခံပညာအလယ်တန်းဆင့် စာရိတ္တနှင့်ပြည်သူ့နိတိ ဘာသာရပ်တွင် ပါဝင်သော ဥပဒေဆိုင်ရာသင်ခန်းစာများ ဆွေးနွေးပွဲ(မြို့နယ်အဆင့်)ကို နိုဝင်ဘာ ၁၅ ရက်တွင် ဒုတိယနေ့အဖြစ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ဆောင်တွင် ဆက်လက်ကျင်းပလျက်ရှိသည်။

အဆိုပါ အခြေခံပညာအလယ်တန်းဆင့် စာရိတ္တနှင့် ပြည်သူ့နိတိ ဘာသာရပ်တွင် ပါဝင်သော ဥပဒေဆိုင်ရာသင်ခန်းစာများ ဆွေးနွေးပွဲကို ကျောက်ပန်းတောင်းမြို့နယ် ပညာရေးမှူး ဒေါ်ခင်ခင်နွယ်နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးသန်းထွန်းအောင်တို့က အနီးကပ်ကြီးကြပ်၍ မြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းအဆင့်သင် ဆရာ ၂၈ ဦး၊ ဆရာမ ၁၃၂ ဦး စုစုပေါင်း ၁၆၀ ဦးတို့အား နည်းပြ ဆရာ၊ ဆရာမ ၁၁ ဦးတို့က ဦးဆောင်ဆွေးနွေးခဲ့ကြပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

(၄၅၆)

သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) တိုင်းဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၅

(၁၀၆)ကြိမ်မြောက် အမျိုးသားနေ့အောင်ပွဲအထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) တိုင်းဥက္ကဋ္ဌဖလားဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာ၊ ရွှေဘုံသာကျောင်း(ဘောလုံးကွင်း)တွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးဇော်အောင်ထက်၊ ဒေါ်စောမြိုင်၊ မန္တလေးတိုင်းဒေသကြီး (YMBA) အသင်းဥက္ကဋ္ဌ မင်္ဂလာမွေဇောတိကဓဇ ဦးဝိုးဇော်ထွန်း၊ တိုင်းအတွင်းရေးမှူး ဦးထွန်းထွန်းရွှေ၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်မြင့်ထွန်း၊ အမရပူရခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလေး၊ အမရပူရမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတေဇာအောင်၊ အမရပူရခရိုင် (YMBA) အသင်းဥက္ကဋ္ဌ ဦးချိုငွေဦး၊ မဟာအောင်မြေခရိုင် (YMBA)အသင်းဥက္ကဋ္ဌ ဦးသိန်းနိုင်အောင်မြေသာစံခရိုင်(YMBA) အသင်းဥက္ကဋ္ဌ ဦးရဲထွန်းနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရပ်မိ/ရပ်ဖများ၊ ဘောလုံးကော်မတီအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်ကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရွှေဦးစွာ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး ပြိုင်ပွဲဝင်အားကစားသမားများက သစ္စာဓိဋ္ဌာန်ရွတ်ဆိုကြကာ(YMBA)အသင်းတိုင်းဥက္ကဋ္ဌက ဖွင့်ပွဲအမှာစကား ပြောကြားသည်။

ထို့နောက်(YMBA)အသင်းတိုင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဘောလုံးကော်မတီအဖွဲ့ဝင်များနှင့် ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များအား အားကစားအင်္ကျီများ ပေးအပ်ခဲ့ကြသည်။

(YMBA)အသင်း တိုင်းဥက္ကဋ္ဌဖလားဖူဆယ်ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ပြိုင်ပွဲဝင်အသင်း ၄၆ သင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(၁၀၇)

(မန္တလေးနေ့စဉ်-၃)



ရေးဟောင်းအဆောက်အအုံများ မြေလျင်ခံနိုင်ရည် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိ

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ စေတီပုထိုးများ၏ မြေလျင်ခံနိုင်ရည် သုတေသနလုပ်ငန်းများ အောင်မြင်ပြီးမြောက်ခြင်း ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၁၃ ရက် န်းနက် ၁၀ နာရီတွင် ရန်ကုန်မြို့ချက်ထရီယံဟိုတယ်၌ကျင်းပရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ဝိုးက ပါဝင်ဆောင်ရွက်ခဲ့သည့် ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်၍ သုတေသနလုပ်ငန်းများတွင် လေ့ကျင့်သင်ယူခဲ့ကြသော အင်ဂျင်နီယာများအား သင်တန်းပြီးမြောက်ကြောင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဂုဏ်ပြုပွဲတွင် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများနှင့် စေတီ၊ ပုထိုးများကို ထိရောက်စွာ ပြုပြင်ထိန်းသိမ်းနိုင်ခြင်း၊ လျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းခြင်းအတွက် သုတေသနနှင့် သင်တန်းကို တွဲဖက်ဆောင်ရွက်ခဲ့မှုသည် များစွာအကျိုးကျေးဇူးများ ရရှိခြင်း၊ နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် လျင်ငလျင်ခံနိုင်ရည်ရှိသည့် ပြုပြင်ထိန်းသိမ်းရေးနည်းလမ်းများရရှိခြင်း၊ စေတီ၊ ပုထိုးများ ရေရှည်ကြံခိုင်စေရန် ကြိုတင်အားဖြည့်မှုဆိုင်ရာ သုတေသနရလဒ်အချက်အလက်များ ဖော်ထုတ်နိုင်ခြင်းနှင့် သုတေသနနှင့် သင်တန်းတွင် လေ့ကျင့်သင်ယူခဲ့ကြသည့် အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာနှင့်စွမ်းဆောင်ရည် ပိုမိုမြင့်မားလာခြင်းစသည့် အကျိုးကျေးဇူးများနှင့် ရလဒ်များရရှိသည့်အတွက် အဓိကတန်လှသော သုတေသနလုပ်ငန်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၁၆ လျင်အလွန် ပြန်လည်ထူထောင်ရေးနှင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်က ၂၀၁၇ ခုနှစ်မှစတင်၍ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ စေတီ၊ ပုထိုးများ၏ မြေလျင်ခံနိုင်ရည်နှင့် ကြိုတင်အားဖြည့်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို မြန်မာနိုင်ငံ ငလျင်ကော်မတီ၊ ပြည်တွင်း၊ ပြည်ပပညာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ စေတီပုထိုးများ၏ မြေလျင်ခံနိုင်ရည်သုတေသနလုပ်ငန်းများကို ၂၀၁၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် အောင်မြင်စွာပြီးမြောက်ခဲ့ခြင်းကြောင့် ပုဂံဒေသအတွက်သာမက မြန်မာနိုင်ငံတစ်ခုလုံးရှိ အခြားသော လျင်ဒဏ်သင့်ဒေသများနှင့် ရှေးဟောင်းအမွေအနှစ်နယ်မြေများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက်ပါ အကျိုးကျေးဇူးများစွာ ရရှိလာမည်ဖြစ်သည်။ အဆိုပါသုတေသနမှ ရရှိလာသော မြေလျင်ခံနိုင်ရည်နှင့် ကြိုတင်အားဖြည့်မှုဆိုင်ရာနည်းပညာများကို အင်း၀၊ ပင်းယ၊ မန္တလေး၊ စစ်ကိုင်း အစရှိသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများရှိ စေတီပုထိုးများနှင့် ရှေးဟောင်းအဆောက်အအုံများ ရေရှည်တည်တံ့နိုင်မြဲရေးအတွက် စံပြနည်းပညာအဖြစ် အသုံးချသွားနိုင်မည်ဖြစ်ပြီး မြေလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးထိခိုက်ခဲ့သည့် ဒေသများရှိ ရှေးဟောင်း ဗိသုကာလက်ရာများကို ပြုပြင်ထိန်းသိမ်းရာတွင် မူလလက်ရာမပျက်စေဘဲ ခေတ်မီငလျင်ဒဏ်ခံစနစ်များ ပေါင်းစပ်အသုံးပြုနိုင်မည့်နည်းလမ်းများ ရရှိလာမည်ဖြစ်ပြီး နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် လျင်ဘေးအန္တရာယ်များအတွက်လည်း ထိခိုက်ဆုံးရှုံးနိုင်ခြေများသောဒေသများ၌ ကြိုတင်အားဖြည့်ထိန်းသိမ်းမှုဆိုင်ရာ မူဝါဒနှင့်စီမံချက်များကိုလည်း စနစ်တကျ ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်၊ တနင်္လာနေ့။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၀၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချီရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၀၄၇၃၉၉၊ ၀၂-၂၀၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း-၇၅၁၁၇၀၁၁၉ ၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သီတဂူစက္ခုဒါနဆေးရုံတော်အတွင်း ကုသခွဲစိတ်မှုခံယူထားသည့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များက တပ်မတော်ဆေးရုံကြီး (ခုတင်- ၁၀၀၀)တွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဆရာတော် ဘဒ္ဒန္တ သုခမ္မာ စာရာ ဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ သီတဂူကမ္ဘာဗုဒ္ဓတက္ကသိုလ်နှင့် သီတဂူစက္ခုဒါနဆေးရုံတော်သို့ ရောက်ရှိကြပြီး နိုင်ငံတော်ဩဝါဒစရိယ ရွှေကျင်နိကာယသာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ သီတဂူကမ္ဘာဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သီတဂူဆရာတော်ဘုရားကြီးထံ သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများကို မေးမြန်းလျှောက်ထားပြီး ဆရာတော်ကြီးထံမှ ဩဝါဒကထာများကို နာယူသည်။ ထို့နောက်နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က သီတဂူစက္ခုဒါနဆေးရုံတော်အတွက် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက ဓမ္မလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် သီတဂူစက္ခုဒါနဆေးရုံတော်အတွင်း မျက်စိခွဲစိတ်လူနာများအား ကုသပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး သီတဂူစက္ခုဒါနဆေးရုံတွင် လာရောက်ကုသခွဲစိတ်မှုခံယူထားသည့် ပြည်သူများနှင့် မျက်စိခွဲစိတ်ကုသမှုခံယူရန် စောင့်ဆိုင်းလျက်ရှိသည့် ပြည်သူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

အဆိုပါ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့ သီတဂူစက္ခုဒါနဆေးရုံတော်တွင် အခမဲ့မျက်စိခွဲစိတ်ကုသမှုများကို ၂၀၂၃ ခုနှစ်မှစတင်၍ နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ယခုအကြိမ်အထိ လာရောက် မျက်စိစမ်းသပ်သူ ပြင်ပလူနာ ၂၅၂၇ ဦးကို စမ်းသပ်ကုသပေးနိုင်ခဲ့ကြောင်း၊ ခွဲစိတ်လူနာ ၇၉၀၀ ကျော်ကို ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ထိုအထဲမှ ၅၂၂ ဦးအား လေဆာဖြင့် ခွဲစိတ်ကုသခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် သက်တော် ၉၂ နှစ်၊ ဝါတော် ၇၂ ဝါရှိ ဇရာဝတီတိုင်းဒေသကြီး ဟသံတမြို့ မိုးကောင်းမရိယတ္တိစာသင်တိုက်၏ဦးစီးပဓာနနာယက နိုင်ငံတော် ဩဝါဒစရိယ တိပိဋကဩဝါဒစရိယအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ကျေးဇူးတော်ရှင်သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တ သုခမ္မာစာရာ ဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး တာဝန်ရှိသူများအား ဆရာတော်ကြီး၏ ကျန်းမာရေး အခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ဆရာတော်ကြီး၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် အသုံးပြုရန် အတွက် နဝကမ္မအလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီတဂူစက္ခုဒါနဆေးရုံတော်အတွင်း မျက်စိခွဲစိတ်လူနာများအား ကြည့်ရှုအားပေးစဉ်။



ဥတ္တရသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်း၊ ဥတ္တရခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဥတ္တရသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့သည် တောင်ညိုကျေးရွာအုပ်စု မရမ်းခုံကျေးရွာ ကွင်းအမှတ်(၁၈၉၃) တောင်သူ ဦးမြင့်သိန်း၏ လယ်မြေ တစ်ဧကတွင် ဗျော့ထွန်းစပါးမျိုး စံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးရာ ပျမ်းမျှအထွက်နှုန်း ၁၀၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် တောင်ညိုကျေးရွာအနီး သဲဖြူရိုးတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်လာပါက ဒေသခံပြည်သူများ အပူရှောင်ရန်အတွက် အပူရှောင်စခန်းများ ဖွင့်လှစ်ထားရှိသည့် မရမ်းခုံကျေးရွာရှိ သာသနာ့ဝေဝုလ္လ ဘုန်းတော်ကြီးကျောင်းနှင့် ကျွဲရင်းကျေးရွာရှိ မဏ္ဍိဇောတိက ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

* မုန်တိုင်းငယ်မှ

တောင်-အရှေ့တောင်ဘက် ရေမိုင် ၅၆၀ မိုင်ခန့်နှင့် ဂိုလ်ပါပူမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၆၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအား‌နှင့်လေတိုက်နှုန်း

အဆိုပါ မုန်တိုင်းငယ်သည် နံနက် ၁၀ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၉ ဒသမ သုည ဒီဂရီနှင့် အရှေ့လောင်ဂိုကျူ ၈၆ ဒသမ ၉ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့်ဖြစ်သည်။

နောက် ၇၂ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာလ ၁၆ ရက်တွင် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း၊ နိုဝင်ဘာလ ၁၇ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့နေ့လယ်မှ နိုဝင်ဘာလ ၁၉ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိုပိစိုမှန့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လိုင်းအသင့်အတင့်မှ လိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှမိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတစ်တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း ရေယာဉ်များ၊ သဘော်များအနေဖြင့် လည်း ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/၈လ

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ(၂၀၁၉) အရ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည့် အမျိုးသမီးများကို လက်ခံစောင့်ရှောက်ထား

နေပြည်တော် နိုဝင်ဘာ ၁၅

အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉) အရ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့် ပြစ်မှုရင်ဆိုင်ဆဲ ၄ ဦး၊ ပြစ်ဒဏ်ကျ ၅၆ ဦး၊ အုပ်ထိန်းသူမဲ့ကျောင်းသူ ၂၃ ဦး စုစုပေါင်းကျောင်းသူ ၈၃ ဦးတို့ကို လက်ခံစောင့်ရှောက်ထားပြီး ကျောင်းအနေဖြင့် အခြေခံလိုအပ်ချက်များဖြည့်ဆည်းပေးခြင်း၊ အကျင့်စာရိတ္တပြုပြင်ပေးခြင်း၊ အသိပညာဗဟုသုတများ တိုးပွားစေရန်ပံ့ပိုးမှုများဆောင်ရွက်ခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်း၊ စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးခြင်း၊ မိဘအုပ်ထိန်းသူထံ ပြန်လည်အပ်နှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ယနေ့နံနက်ပိုင်းတွင် အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် အဆိုပါ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းတာဝန်ရှိသူများက ကျောင်းအတွင်းဖွင့်လှစ်ထားသည့် အကြမ်းဖက်ခံရသော အမျိုးသမီးများကို တစ်နေရာတည်းတွင်ဝန်ဆောင်မှုပေးသည့်စင်တာ (One Stop Women Support Center- OSWSC)တွင် စောင့်ရှောက်ထားကာ ဝန်ဆောင်မှုပေးနေသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းသူများအား အကျင့်စာရိတ္တပြုပြင်ပေးခြင်း အပြင် ၎င်းတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာများ၊ ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များဖိတ်ခေါ်ကာ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာကို တိုးချဲ့သင်ကြားပေးခြင်း၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ဆောင်ရွက်ပေးခြင်း၊ ၎င်းတို့၏ နေရပ်ပြန်ပါက ပြန်လည်အသုံးချနိုင်မည့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောင်းသူများ စားသောက်မှုတွင် အထောက်အပံ့ဖြစ်စေရေးနှင့် စိတ်အပန်းဖြေမှုရရှိစေရေး ကျောင်းတွင်းသီးပင်စားပင်များ စိုက်ပျိုးရန်နှင့် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးမှုများ ဆောင်ရွက်ပေးရန်မှာကြားပြီး သင်တန်းသူများနှင့်ဝန်ထမ်းများကို အားပေးစကားများပြောကြားသည်။

ထို့ပြင် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းရှိ အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်သည့် စက်ချုပ်လေ့ကျင့်ကုန်ထုတ်ခြင်းသင်တန်း၊ ချပ်စက္ကူခေါက် ကုန်ချောထုတ်လုပ်ငန်း၊ ချည်ထိုးသင်တန်း၊ ခြင်းထိုးသင်တန်းနှင့် "အ"သုံးလုံးသင်ကြားပေးမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ချမ်းမြေမောင်(ပြန်/ဆက်)



❖ **ဆင်သေမှ**

အဆိုပါ ရေလွှဲဆည် တည်ဆောက်ရေး လုပ်ငန်းခွင်ကို ယနေ့ညနေပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် အတူ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်မည့်လုပ်ငန်းများ၊ ရေလွှဲဆည်အသစ် တည်ဆောက်ရေးအတွင်း စိုက်ပျိုးရေ ပေးဝေနေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက ဆင်သေ ရေလွှဲဆည် တည်ဆောက်ရေး လုပ်ငန်းကို စံချိန်စံညွှန်းပြည့်ဝစွာဖြင့် သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးရေး၊ ရေလွှဲဆည် အဟောင်းဖြုတ်သိမ်းမှုနှင့် ရေလွှဲဆည်အသစ် တပ်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေပေးဝေမှုကို မထိခိုက်စေရန် အချိန်ကိုက် ဆောင်ရွက်ပြီး ရေသောက် ဧရိယာအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ဂရုပြုဆောင်ရွက်ရန်၊ ရေလွှဲဆည်အသစ် တည်ဆောက်ပြီးစီးပါက တောင်သူများ၏ စိုက်ပျိုးမြေများ စနစ်တကျ နေရာချအသုံးပြုနိုင်ရေးကို ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖြစ်စေရေး ညှိနှိုင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆည်သေရေလှောင် တမံသို့သွားရောက်ပြီး တမံအတွင်း ဝင်ရေသိုလှောင်ထားရှိမှု၊ တမံကြံခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် တမံထိန်းသိမ်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အယ်လ်နီညိုရာသီဥတုအကြောင်း အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ပြန့်ဝေ

နောင်မွန် နိုဝင်ဘာ ၁၅

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ပြည်သူများ ကြိုတင်ပြင်ဆင်နိုင်ရန်နှင့်ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ရည်ရွယ်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက မန်နိုကျေးရွာသို့ အယ်လ်နီညိုအကြောင်းအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့်ဝန်ထမ်းများ၊ ကျေးရွာရပ်မိရပ်ဖများ ပူးပေါင်းအဖွဲ့များက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်ပြီး အပူလွန်ကဲခြင်းများ၊ ရေရှားပါးခြင်းများ၊ ကျန်းမာရေးပြဿနာများဖြစ်ပွားလာနိုင်သည့်အတွက် ကြိုတင်ကာကွယ်ရေးနှင့်ဆောင်ရန်၊ ရှောင်ရန်များ၊ သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာ ထိန်းသိမ်းခြင်းနှင့် ရေကိုလိုအပ်သလောက်သာ သုံးစွဲကျရန် လိုက်နာရမည့်အချက်များအား အသိပညာပေးပြောကြားပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

အောင်ရဲကျော်(ကျေးလက်)



မီးလောင်၊ မီးလန့်မှုများ မဖြစ်ပွားမပေါ်ပေါက်စေရေးအတွက် မီးဘေးလုံခြုံရေးစစ်ဆေး

မန္တလေး နိုဝင်ဘာ ၁၅

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရပ်ကွက်များ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း မီးလောင်၊ မီးလန့်မှုများ မဖြစ်ပွားမပေါ်ပေါက်စေရေးအတွက် ယမန်နေ့နံနက်ပိုင်းက စတင်၍ မီးဘေးလုံခြုံရေး စစ်ဆေးခဲ့သည်။

ယင်းသို့ စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ မီးဘေးစိုးရိမ်ရသော ယာတော်ရပ်ကွက်နှင့် တောင်မြင့်ရပ်ကွက်များတွင် တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများအား မီးဘေးလုံခြုံရေးစစ်ဆေးနေမှုအား တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

(၀၇၅)



ယူအီးအက်ပ်အေနေးရှင်းလိပ် အုပ်စုအဆင့် အနိုင်၊ အရှုံး			NGB
ဆိုက်ပရပ်စ်	၁ - ၄	မွန်တီနီဂရိုး	
ဖင်လန်	၇ - ၂	ဆန်မာရီနို	

❖ **မော်လမြိုင်မှ**

ထိုသို့ကွင်းဆင်းကြည့်ရှုရာ မြို့နယ်သမဝါယမဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် ပေါ်ဆန်းရင်စပါးမျိုး စိုက်ဧက ၃၇၅ ဧက၏ ရိတ်သိမ်းနေမှုအခြေအနေများ၊ စပါးအထွက်နှုန်းကောင်းမွန်စေရေးနှင့် ရိတ်သိမ်းချိန်လွန် အလေအလွင့်နည်းပါးစေရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး



မန္တလေး၊ နိဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးနှင့် သက်ဆိုင်ရာဌာနများမှ တိုင်း ဦးစီးမှူးများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်တွင် ရက်ဆက်တိုက်မိုးရွာသွန်းမှုများခဲ့ခြင်းနှင့် သစ်ဆုံရေလှောင်တမံရေပိုလွှမ်းစီးဝင်လာခဲ့ခြင်းတို့ကြောင့် ရွာတန်းသဲကျွန်းအုပ်စု တပေါက်ပင်ကျေးရွာရှိ မိုးကောင်းသောက်ဇရိယာ သစ်ဆုံချောင်းဟောင်းတွင် သီးနှံစိုက်ခင်းများအတွင်း ရေဝင်ရောက်မှု၊ ဥသျှစ်ပင်၊ ဆည်ထိပ်၊ ချောင်းကွက်သစ်ကျေးရွာများတွင် ရေဝင်ရောက်ခဲ့မှုနှင့် ရေပြန်လည်ကျဆင်းနေမှုအခြေအနေများ၊ ရေဝပ်ဇရိယာတွင် အစားထိုးသီးနှံများရာသီအချိန်မီ စိုက်ပျိုးသွားနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဌင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသည့် ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် မိတ္ထီလာစက်မှုဇုန်(၂)လမ်း ထောင့်မှစ၍ မိတ္ထီလာစီးပွားရေး တက္ကသိုလ်အဝင်ပေါက်လမ်းအထိ တိုးချဲ့ကတ္တရာလမ်း (အရှည် ပေ ၂၄၀၀ နှင့် အကျယ်ပေ၅၀) ဆောင်ရွက်ပြီးစီးမှုနှင့် နိုင်လွန်ကတ္တရာလမ်းခင်းကျင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရှိ မိတ္ထီလာဥယျာဉ်ခြံတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ဦးဆောင်၍ အိမ်ခြံဥယျာဉ်စိုက်ပျိုးခြင်းနှင့် မြေမဲ့စိုက်ပျိုးခြင်း (Hydroponic) စိုက်ပျိုးရေးခြံသို့ ရောက်ရှိပြီး စွန့်ပစ်ပစ္စည်းများဖြစ်သော ဖော့ပုံးများအသုံးပြု၍ အာဟာရ အရည်ဖြင့် မြေမဲ့စိုက်ပျိုးခြင်း၊ သစ်သီးခြင်းဟောင်းများပလတ်စတစ်ဘူးခွံများ၊ ပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ပုံးများ အသုံးပြု၍ အုန်းဆံမှုန့် စက်မြေဆွေးများဖြင့် ဆောင်ရွက်စိုက်ပျိုးထားရှိမှုများနှင့် နောင်တွင် ပျိုးပင်များ မျိုးစေ့များ နည်းစနစ်များအား ဖြန့်ဝေဆောင်ရွက်သွားရန် စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ကျောက်ဆည်ခရိုင်၊ ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်အတွင်း စပါးသီးနှံစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိစေရေး၊ ကောက်ကွက်ပြည့်မီစေရေးနှင့် ကြေပက်စိုက်ပျိုးခြင်းများ ပပျောက်စေရန်အတွက် လယ်ယာသုံးစက်ကိရိယာများသုံးစွဲရေး တောင်သူများနှင့် တွေ့ဆုံ



မန္တလေး၊ နိဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးနှင့် သက်ဆိုင်ရာဌာနများမှ တိုင်း ဦးစီးမှူးများလိုက်ပါပြီး ကျောက်ဆည်ခရိုင်၊ ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်အတွင်း စပါးသီးနှံစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိစေရေး၊ ကောက်ကွက်ပြည့်မီစေရေးနှင့် ကြေပက်စိုက်ပျိုးခြင်းများ ပပျောက်စေရန်အတွက် လယ်ယာသုံးစက်ကိရိယာများသုံးစွဲရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေး၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် နိဝင်ဘာ ၁၄ ရက်က ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်ရှိ မြို့တော်ခန်းမ၊ ယနေ့တွင် ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ် အင်ကြင်းကန်ကျေးရွာအုပ်စု၊ အင်ကြင်းကန်ရွာမကျေးရွာ၊ သိမ်ဦးဘုန်းကြီးကျောင်းရှိ အမေသိန်းဗိမာန်၊ ပျော်ဘွယ်မြို့နယ် ယင်းတော်မြို့မကျေးရွာအုပ်စု၊ ယင်းတော်မြို့မကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (ယင်းတော်)၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်ရှိ ကန်တော်မင်္ဂလာခန်းမတို့တွင် တောင်သူများနှင့် တွေ့ဆုံရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စပါးသီးနှံ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း အချက်များကို စနစ်တကျကျင့်သုံးပြီး အထွက်နှုန်းတိုးတက်စေရေး နည်းပညာများမှ စိုက်စနစ်မှန်ကန်ရေးအတွက် စပါးကြေခင်း စိုက်ဧကများလျှော့ချနိုင်စေရန်၊ လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုသွားရန် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် မိရိုးဖလာလက်မှလယ်ယာစနစ်မှ စက်မှလယ်ယာစနစ်သို့ ကူးပြောင်းခြင်းသည် ကုန်ထုတ်စွမ်းအားကို မြှင့်တင်ရန်၊ အလုပ်သမားရှားပါးမှု ပြဿနာ၊ ကောက်ကွက်ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းတိုးတက်ရရှိရေးတို့တွင် များစွာအထောက် အကူပြုပြီး အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်ပါကြောင်း၊ စက်မှလယ်ယာစနစ်ကို ကူးပြောင်းအကောင်အထည်ဖော်ရာတွင် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူးပေးခြင်း၊ စနစ်တကျ လယ်ယာမြေများဖော်ထုတ်ပေးခြင်းနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ ပါဝင်လာရေး လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားကာ ဆောင်ရွက်ပေးနေပါကြောင်း၊ စက်ကိရိယာများ ဝယ်ယူရာတွင် အဆင်ပြေချောမွေ့စေရေး အရစ်ကျငွေပေးချေစနစ်ဖြင့် ဆောင်ရွက်ပေးခြင်း၊ ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်ခြင်းအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တွေ့ဆုံပွဲ၌ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုး၊ တိုင်းဒေသကြီးစက်မှုလယ်ယာ ဦးစီးမှူး၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးတို့က သုံးစွဲသင့်သော လယ်ယာသုံးစက်ကိရိယာများနှင့် ရရှိမည့် အကျိုးကျေးဇူးများ၊ ကောက်စိုက်စက်၊ ပျိုးထောင်စိုက်၊ Seeder ၊ ကြေပက်ခြင်း စိုက်နည်းစနစ်အလိုက် တွေ့ရှိချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသည့် တောင်သူများက လယ်ယာသုံးစက်ကိရိယာ လက်ဆွဲကောက်စိုက်နှင့် ကူဘိုတာကောက်စိုက် စက်သုံးစွဲမှုများအပေါ် အတွေ့အကြုံများနှင့် ကြုံတွေ့နေရသည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေး၍ စက်ဖြင့် လက်တွေ့ဆောင်ရွက်နေသည့် Video Clip နှင့် ပြသထားသည့် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

o-o-o-o-o

o-o-o-o-o-o

o-o-o-o-o-o-o

အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းဆောင်ရွက်

မိတ္ထီလာ နိဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့က ပျော်ကုန်းစံပြကျေးရွာတွင် ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထိုက်က အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုများ မှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်း များဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ရေကိုကြိုတင်စုဆောင်းထားရှိရန်၊ လေလွင့်မှုမရှိအောင် စနစ်တကျ သုံးစွဲကြရန်နှင့် အယ်လ်နီညိုအပူဒဏ် ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ထမ်းများက ဒေသခံပြည်သူများအား အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာ ပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ယာဝုံ)

(၄၆၉)

o-o-o-o

o-o-o-o-o



ကျွန်းလှမြို့နယ်၌ စာကြည့်တိုက်ဆိုင်ရာ လှုပ်ရှားမှုများဆောင်ရွက်

ကျွန်းလှ နိုဝင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်တွင် ကျွန်ုပ်တို့ စာကြည့်တိုက် ကျွန်ုပ်တို့ကမ္ဘာ (My Library , My World Campaign) စာကြည့်တိုက်ဆိုင်ရာ လှုပ်ရှားမှုများကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက မြို့နယ်



ပြည်သူ့စာကြည့်တိုက်နှင့် လှုထုအခြေပြုဗဟိုဌာနခွဲ ကျင်းပခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများအား Youth Club အသင်းဖွဲ့စည်းခြင်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပခြင်း၊ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်များပြသခြင်း၊ မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်များလှလာဖတ်ရှုသုံးသပ်စေခြင်း၊ စာဖတ်ခြင်း၏အကျိုးကျေးဇူးများ အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကလေးတိုင်း စာဖတ်သူဖြစ်စေရမည် (Every Child a Reader) အစီအစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား စာကြည့်တိုက် အသင်းဝင်ကတ်ပြားလုပ်ပေးခြင်း၊ စာကြည့်တိုက်ရှိ စာအုပ်များ မိတ်ဆက်ခြင်းနှင့် စာအုပ်များ အခမဲ့ငှားရမ်းပေးခြင်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၀)



ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးခဲ့သည့်စပါးနှင့် အခြားသီးနှံစိုက်ခင်းများ ပြန်လည်စိုက်ပျိုး

စစ်ကိုင်း နိုဝင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မူးမြစ်ဝန်းကျင်ခရိုင် ခုနစ်ခုမှ မြို့နယ်များရှိ ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးခဲ့သည့် စပါးနှင့် အခြားသီးနှံစိုက်ခင်းများကို ပြန်လည်စိုက်ပျိုးထားပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်စန်းစန်းမြင့်ထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်၊ ကလေးခရိုင်၊ ကန့်ဘလူခရိုင်၊ ရေဦးခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်နဲ့ စစ်ကိုင်းခရိုင်တွေက ၁၃မြို့နယ်မှာ ပြီးခဲ့တဲ့ သြဂုတ်လက မိုးများပြီး မူးမြစ်ရေကြီးရေလွှဲခဲ့တာကြောင့် စပါးနဲ့အခြားသီးနှံစိုက်ခင်းတွေ ရေနစ်မြုပ်ပျက်စီးခဲ့ပါတယ်။ ပျက်စီးနစ်မြုပ်တဲ့ စပါးနဲ့အခြားသီးနှံစိုက်ခင်းတွေ ပြန်စိုက်ပျိုးထားပြီး ဖြစ်ပါတယ်'ဟု ၎င်းက ပြောသည်။

ရေကြီးမှုကြောင့် မိုးစပါး၊ မြေပဲ၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ ပဲတီစိမ်း၊ ပဲစင်ငုံ၊ ဟင်းသီးဟင်းရွက်၊ ငှက်ပျော၊ ငရုတ်၊ သင်္ဘော၊ ဝါ၊ နှံစားပြောင်း၊ ပဲပုပ် စုစုပေါင်း ဧက ၇၂၀၀၀ နီးပါးနစ်မြုပ်ခဲ့ရာ ဧက ၁၆၀၀၀ ကျော် ထိခိုက်ခဲ့သည်။ ထိုအထဲမှ ဧက ၆၉၀၀ ကျော် ပျက်စီးခဲ့သောကြောင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများပူးပေါင်း၍ ပြန်လည်စိုက်ပျိုးခဲ့ကြသည်။

ထိုသို့ ပြန်လည်အစားထိုးစိုက်ပျိုးရာတွင် မိုးစပါး ၄၄၈၇ ဧက၊ ဆောင်းမြေပဲ ၁၇၆၈ဧက၊ အစေ့ထုတ်ပြောင်း ၃၅၇ဧက၊ ပဲစင်ငုံ ၁၇၈ ဧက၊ ဟင်းသီးဟင်းရွက် ၁၄ ဧက၊ ပဲပုပ် ၆၁ ဧက တို့ကို စိုက်ပျိုးထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ သိရသည်။

ပြီးခဲ့သည့် သြဂုတ်လ ၇ရက်မှ ၁၁ရက်အထိ ချင်းတွင်းမြစ်၊ မူးမြစ်၊ ဒေါင်းမြူးချောင်း၊ စလင်းချောင်း၊ ခုံတုတ်ချောင်းနှင့် ဒသဖန်းဆိပ်ဆည်တာမံများနှင့် ဆက်စပ်နေသော ကောလင်းမြို့နယ်၊ မင်းကင်းမြို့နယ်၊ ကျွန်းလှမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ တန့်ဆည်မြို့နယ်၊ ရေဦးမြို့နယ်၊ ဒီပဲယင်းမြို့နယ်၊ ခင်ဦးမြို့နယ်၊ ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်၊ အရာတော်မြို့နယ်၊ မြင်းမူမြို့နယ်နှင့် စစ်ကိုင်းမြို့နယ် ကျေးရွာ ၁၇၁ အုပ်စု၊ ကွင်းအကွက်ပေါင်း ၅၉၄ ကွက်မှ တောင်သူ ၁၈၂၄၄ ဦး၏ ဦးပိုင်ပေါင်း ၂၂၂၈၈ ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၃၉၄)

အသိပညာပေးဟောပြောပွဲ နယ်လှည့်ကွင်းဆင်းဆောင်ရွက်

မူဆယ် နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ Knowledge For Life အစီအစဉ်ဖြင့် အသိပညာပေးဟောပြောပွဲ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ခြင်းကို အမှတ်(၄)၊ မူလတန်းလွန်ကျောင်း၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားခဲ့ပြီး အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးက လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကာ ကျောင်းအတွက် အားကစားအထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့သည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူဆယ်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးသန်းဇော်ဦးက အယ်လ်နီညိုဖြစ်စဉ်နှင့် ပတ်သက်၍ ရှောင်ရန်၊ဆောင်ရန်များ၊ ဦးစီးအရာရှိ ဒေါ်စန္ဒဝင်းက သတင်းမီဒီယာအချက်အလက်သိနားလည်မှုနှင့် သတင်းမှန်သတင်းမှား ခွဲခြားခြင်းအကြောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ဇာဖြိုးလွင်က လူငယ်နှင့် စာဖတ်ခြင်းအကျိုးကျေးဇူး၊ ဒုတိယဦးစီးမှူး ဒေါ်ခေါ်မိုင်က ပုံပြင်အတ္ထုတ္ထဖတ်ကြမယ် ခေါင်းစဉ်နှင့် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေအောင်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြွှေ့လွှာချရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့သည်။



ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက မိမိတို့ဖတ်ဖူးသမျှ စာအုပ်များမှ အကြောင်းအရာများ ပြောပြခြင်းဖြင့် ကလေးများအတွက် စာဖတ်ရှုနိုင်ရန် မြှင့်တင်ပေးနိုင်သည်။ ဟောပြောပွဲ အပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လူငယ်ရေးရာနံရံကပ်စာစောင်၊ မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေး နံရံကပ်စာစောင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ ဆုရပန်းချီကားများနှင့် သုတရသ စာအုပ်၊ စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

သရက် နိုဝင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့၊ ရွာ သန့်ရှင်းသာယာလှပရေးအတွက် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများ၊ အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ၊ လမ်းဆုံများတွင် အမှိုက်များသိမ်းဆည်းခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းများကို နိုဝင်ဘာ ၁၄ ရက် နံနက် ၇ နာရီက သတ္တဋ္ဌာနဘုရားဝင်းကြီးအတွင်း၌ ဆောင်ရွက်ရာ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး စည်ပင်သာယာအမှိုက်သိမ်းယာဉ်ဖြင့် အမှိုက်များကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

မောင်လှလင်(သရက်)

မိသားစုနှင့်အတူ စာဖတ်ကြစို့ (Read Together) အစီအစဉ်ဆောင်ရွက်

ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်ဆိုင်ရာ လှုပ်ရှားမှုအဖြစ် ကလေးငယ်များ စာပေဖတ်၊ မှတ်နိုင်စွမ်း အလေ့အထ ကောင်းများရရှိစေရန် ရည်ရွယ်၍ မိဘနှင့်ကလေး ပူးတွဲစာဖတ်အစီအစဉ်အဖြစ် မိသားစုအတူ စာဖတ်ကြစို့ (Read Together) ခေါင်းစဉ်ဖြင့် စာဖတ်ပိုင်းပြလုပ်ခြင်းနှင့် ဆေးရောင်ခြယ်ခြင်း၊ ပုံပြင်ပြောခြင်းများကို နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး လှုထုအခြေပြုဗဟိုဌာနနှင့် ကလေးစာဖတ်ခန်းတို့တွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ လှုထုအခြေပြုဗဟိုဌာနတွင် မိဘနှင့်ကလေး ပူးတွဲစာဖတ်အစီအစဉ်အဖြစ် မိသားစုနှင့် အတူစာဖတ်ကြစို့ (Read Together) အစီအစဉ်ကိုဆောင်ရွက်ရာ မြို့နယ်ဦးစီးအရာရှိ ဒေါ်မေသက်နွယ်က ကလေးငယ်များနှင့် မိဘများအား မိမိတို့နေအိမ်များတွင် အချိန်ရလျှင် ရသလောက် ကလေးငယ်များအား ပုံပြင်၊ ကာတွန်း အစရှိသည်တို့ကို အချိန်ရလျှင် ရသလို အတူတကွ ဖတ်ရှုစေခြင်း၊ ဖတ်ပြစေခြင်းဖြင့် ကလေးငယ်များ စာပေ ဖတ်ရှုသည့် အလေ့အထ ကောင်းများ ရရှိနိုင်သလို စာဖတ်စွမ်းရည်၊ စာမှတ်စွမ်းရည်များလည်း တိုးတက်လာမှာဖြစ်သဖြင့် အလေးထား ဆောင်ရွက်စေလို ကြောင်း ပြောကြားသည်။ ထို့နောက် ကလေးမိဘများနှင့် အပြန်အလှန်ဆွေးနွေးကြပြီး မိဘများက မိမိတို့ ရင်သွေးငယ်များအား ပုံပြင်စာအုပ်များ၊ ကာတွန်းစာအုပ်များ ဖတ်ပြခြင်း၊ ပြန်လည်မေးမြန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။ ဆက်လက်၍ ကလေးငယ်များ ပျော်ရွှင်စေရန်အတွက် ကလေးစာဖတ်ခန်းတွင် ရုပ်ပုံများ ဆေးရောင်ခြယ်ခြင်းနှင့် စာကြည့်တိုက် တာဝန်ရှိသူများက ပုံပြင်ပြောခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ) (၄၅၆)



မြို့တော်တစ်ခို
သာစေလို
ရေကို
မပြုန်းနှင့်။



အငြိမ်းစားဝန်ထမ်းများ လူမှုကူညီရေးအသင်း အသင်းသားစုံညီအစည်းအဝေး ကျင်းပ

ပုသိမ်ကြီး နိဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် အငြိမ်းစားဝန်ထမ်းများ လူမှုကူညီရေးအသင်း၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အသင်းသားစုံညီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကင်းသာယာရပ်ကွက်၊ ချမ်းမြေ့သာယာ ခမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် အမှုဆောင်များ၊ အသင်းသားများ တက်ရောက်ကြသည်။

အစီအစဉ်အရ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အသင်းနာယက ဦးလှသော်က အသင်းကြီး၏သမိုင်းကြောင်းကိုလည်းကောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အမှုဆောင်အစီရင်ခံစာကို အတွင်းရေးမှူး ဦးညီညီအောင်က လည်းကောင်း၊ ၂၀၂၅-၂၀၂၆ ခုနှစ် ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးကိုရီကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တက်ရောက်လာကြသည့်အသင်းသားများ၏ အကြံပြုချက်များကို သဘာပတိက ပြန်လည်ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆို ပါ အသင်းကြီးကို (၂၁-၁-၂၀၁၄)ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ယနေ့ အချိန်အထိ အသင်းသားအသင်းသူ ၅၁၆ ဦးအထိရှိခဲ့သည်။ ပုသိမ်ကြီးမြို့နယ်အတွင်း၌ နေထိုင်ပြီး အစိုးရဝန်ထမ်းအငြိမ်းစားများဖြင့် ဖွဲ့စည်းသည့်အသင်းဖြစ်သည်။ လစဉ်ကြေးအနေဖြင့် ငွေကျပ်တစ်ထောင် သတ်မှတ်ထားပြီး အသင်းဝင်များ၏ ကျန်းမာရေးနှင့် နာရေးကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အမေါ်ပုံ) (၀၉၁)

ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

မန္တလေး နိဝင်ဘာ ၁၄

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ အသက် ကိုးလမှ ၅၉ လ အတွင်းရှိကလေးငယ်များ ရောဂါကင်းရှင်း၍ ကျန်းမာပျော်ရွှင်စွာနေထိုင်နိုင်စေရန်အတွက် ဝက်သက်-ဂျိုက်သိုး ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းကလည်း ကျွန်ုပ်ရှိသည့်ကလေးငယ်များအား သတ်မှတ်စုရပ်များ၌ ဆက်လက် ထိုးနှံပေးလျက်ရှိသည်။

အဆို ပါ ကာကွယ်ဆေး မထိုးနှံမီ စာရင်းရေးသွင်းခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း များနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများပြုလုပ်ပေးခဲ့သည်။ ၄င်းကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နော်မြတ်မိုးဦးက ဦးဆောင်၍ ဝန်ထမ်းများက သက်ဆိုင်ရာ စုရပ်များ၌ ထိုးနှံပေးလျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များအား သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် အတွင်း ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံပေးရမည့်ဦးရေမှာ အသက် ကိုးလမှ ၅၉ လအတွင်းရှိ ကလေးငယ် စုစုပေါင်း ၁၁၀၀၀ ခန့် ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ) (၀၇၅)



ထားဝယ်မြို့တွင် ငွေကျပ် ၅၉၈၅ ဒသမ ၉၆ သိန်းတန်ဖိုးနှင့် ကျောက်မဲမြို့နယ်တွင် ငွေကျပ်သိန်း ၁၁၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် နိဝင်ဘာ ၁၅

ထားဝယ်မြို့တွင် ငွေကျပ် ၅၉၈၅ ဒသမ ၉၆ သိန်းတန်ဖိုးနှင့် ကျောက်မဲမြို့နယ်တွင် ငွေကျပ်သိန်း ၁၁၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိပြီး ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ နိဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ထားဝယ်မြို့ ဗျောတောဝရပ်ကွက် မြို့ပတ်လမ်းတွင် မြတ်မြို့ ထားဝယ်ကမ်းရပ်ကွက်နေ ထက်နိုင်စိုး(၂၉)နှစ် မောင်းနှင်ပြီး မြတ်မြို့ ကောလိပ်ရပ်ကွက်နေ မသိမ်မွေ့မိုး(၂၆)နှစ် လိုက်ပါလာသော KLUGER ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွဆေးပြား ၁၉၉၅၃၂ ပြား (တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၉၈၅ ဒသမ ၉၆ သိန်း) သိမ်းဆည်းရမိသဖြင့် ထက်နိုင်စိုးနှင့် မသိမ်မွေ့မိုးတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ နိဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီခွဲတွင်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျောက်မဲမြို့နယ် ဇူးခါးရွာအနီး ကျောက်မဲ-သီပေါသွားကားလမ်းတွင် ကျောက်မဲမြို့နယ် နားထွမ်ရွာနေ စိုင်းစံလှ(၂၅)နှစ် မောင်းနှင်လာသော SHAYAN-125 ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွဆေးပြား ၂၂၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၁၀) သိမ်းဆည်းရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ မမိမိခိုင်(ခ)မခိုင်(၅၆)နှစ်အား ကျောက်မဲမြို့ အုတ်ကျင်း(၁) ရပ်ကွက်ရှိ နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စိုင်းစံလှနှင့် မမိမိခိုင်(ခ)မခိုင်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



တရားခံ စိုင်းစံလှနှင့် မမိမိခိုင်(ခ)မခိုင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူတွေ့ရစဉ်။

❐ စာမျက်နှာ ၂၄ မှ

အမျိုးသမီး)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အနိုင်ရရှိ

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသမီးအုပ်စုပတ်လည် ပွဲစဉ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသား အုပ်စုပတ်လည် ပြိုင်ပွဲပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သယ်ဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သယ်ဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို သုံးပွဲဖြတ်ဖြင့်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သယ်ဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာန အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

နိဝင်ဘာ ၁၆ ရက်တွင် ပြိုင်ပွဲများ တစ်ရက်နားမည်ဖြစ်ပြီး နိဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီမှစတင်၍ "၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ" အမျိုးသမီးအကြိုဇိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာန အသင်း၊ အမျိုးသား အကြိုဇိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ကျွန်းလှမြို့နယ်၌ အားကစားပြိုင်ပွဲများ ကျင်းပ

ကျွန်းလှ နိဝင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် အားကစားကဏ္ဍဖွံ့ဖြိုး တိုးတက်စေရန်၊ ကိုယ်လက်ကျန်းမာကြံ့ခိုင်ပြီး မိမိကြိုက်နှစ်သက်သည့်အားကစားနည်းများ လေ့ကျင့်လိုက်စားတတ်စေရန် ရည်ရွယ်၍ အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက အခြေခံပညာကျောင်းများ၌ ကျင်းပသည်။

(ယာဝုံ)

အားကစားပြိုင်ပွဲများကို ကျွန်းလှမြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများတွင် ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဖူဆယ်၊ ထုတ်ဆီးတိုးပြိုင်ပွဲများ ကျင်းပကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲများကျင်းပနေခြင်းကို မြို့နယ်အဆင့် ကျောင်းသား၊ ကျောင်းသူများ စိမ်ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးမိုးဇော်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မျိုးဝင်းညီ(ကျွန်းလှ)



အားကစားမြှင့်တင်၊ စိတ်လန်းရွှင်၊ ဆန့်ကျင်မူးယစ်ဆေး။

ပီယက်နမ် သမ္မတနှင့် ကမ္ဘောဒီးယား လွှတ်တော်ဥက္ကဋ္ဌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေရန် သဘောတူညီ



ဖန္ဒမ်းပင် နိုဝင်ဘာ ၁၅

ဗီယက်နမ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးနှင့် သမ္မတတိုလန်နှင့် ကမ္ဘောဒီးယားအထက်လွှတ်တော်ဥက္ကဋ္ဌ ဟွန်ဆန်တို့သည် ယမန်နေ့က ဖန္ဒမ်းပင်မြို့၌ တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေရန်နှင့် နိုင်ငံတကာစင်မြင့်များတွင် ညှိနှိုင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

အထွေထွေအတွင်းရေးမှူးနှင့် သမ္မတတိုလန်သည် အကြိမ်(၂၀) မြောက် ပြင်သစ်ဘာသာစကား ပြောနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ကမ္ဘောဒီးယားပြည်သူ့ပါတီခေါင်းဆောင်လည်းဖြစ်သူ ဟွန်ဆန်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ခေါင်းဆောင်နှစ်ဦးသည် မကြာသေးမီနှစ်များအတွင်း ရရှိခဲ့သည့် ပူးပေါင်းဆောင်ရွက်မှု၊ အောင်မြင်မှုများကို အထူးချီးကျူးပြောဆိုခဲ့ကြပြီး ဗီယက်နမ်-ကမ္ဘောဒီးယား နှစ်နိုင်ငံဆက်ဆံရေးတစ်ခုလုံးတွင် ပါတီနှစ်ရပ်အကြား ဆက်ဆံရေး၏ မဟာဗျူဟာမြောက် လမ်းညွှန်မှုအခန်းကဏ္ဍကို ဆက်လက်ထိန်းသိမ်းထားရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

Mon

ဘာရိန်းရှိ အမေရိကန်ရေဒါစခန်းအား ဒရုန်းဖြင့်တိုက်ခိုက်ခဲ့ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ ပြောကြား

ကီဟီရန် နိုဝင်ဘာ ၁၅

ဘာရိန်းနိုင်ငံရှိ အမေရိကန်၏ရေဒါစခန်းအား မိမိ၏ အာကာသတပ်ဖွဲ့က ဒရုန်းများဖြင့်တိုက်ခိုက်ခဲ့ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က နိုဝင်ဘာ ၁၅ရက်တွင်ပြောကြားသည်။

ယခုကဲ့သို့ အယ်ရယ်ဖဒ် ရဟတ်ယာဉ်စခန်း၏ ရေဒါစနစ်အား ဒရုန်းများဖြင့် တိုက်ခိုက်ခြင်းသည် အမေရိကန်တပ်ဖွဲ့၏ အီရန်အပေါ် ကျူးကျော်တိုက်ခိုက်မှုအတွက် ပြင်းထန်ပြတ်သားသည့်လက်တုံ့ပြန်တိုက်ခိုက်မှု၏ ဒုတိယအဆင့်ဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ ထုတ်ပြန်ချက်အရသိရသည်။ သတင်းများကို အစောင့်အရောက်လိုက်ပါဆောင်ရွက်ပေးရသည် ဟူသည့် အကြောင်းပြချက်ဖြင့် ဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် ရေနံတရားမဝင်ရောင်းဝယ်ရန် ကြိုးပမ်းသည့် အမေရိကန်သည် လက်ရှိအချိန်တွင် အဆိုပါရေလက်ကြားပိတ်ထားရခြင်း၏ အကြောင်းရင်းမှန်မှ ကမ္ဘာ့ပြည်သူများကို အာရုံလွှဲရန်အတွက် သေးသိမ်ပြီးမှားယွင်းလမ်းလွဲနေသည့် လုပ်ရပ်များကို ဆောင်ရွက်နေကြောင်း အဆိုပါထုတ်ပြန်ချက်အရသိရသည်။

ဟော်မုဇ်ရေလက်ကြားကို ခွင့်ပြုချက်မရှိသော လမ်းကြောင်းမှဖြတ်သန်းရန် ကြိုးပမ်းခဲ့သည့် ရေနံတင်သင်္ဘောနှစ်စင်းသည် ရေမြုပ်မိုင်းများကို တိုက်မိပြီးနောက် မီးလောင်ပေါက်ကွဲခဲ့ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ရေတပ်ဖွဲ့၏ နိုဝင်ဘာ ၁၅ ရက် ထုတ်ပြန်ချက်အရသိရသည်။

ဆင်ဟွာ

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

မက်တာ လူမှုကွန်ရက် နည်းပညာကုမ္ပဏီကြီးကို အီတလီ တာဝန်ရှိသူများက ယူရို ၈၀၅ သန်း ဒဏ်ရိုက်

ရောမ နိုဝင်ဘာ ၁၅

အသုံးပြုသူများ၏ ဓာတ်ပုံများကို သီးခြားခွင့်ပြုချက်မရဘဲ ဝင်ရောက်ကြည့်ရှုခဲ့မှုအတွက် မက်တာ လူမှုကွန်ရက် နည်းပညာကုမ္ပဏီကြီးကို အီတလီ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက ယူရို ၈၀၅ သန်း၊ အမေရိကန်ဒေါ်လာ ၈၈၇ သန်း) ဒဏ်ရိုက်လိုက်ကြောင်း သိရသည်။

မက်တာကုမ္ပဏီသည် စမတ်ဖုန်းအသုံးပြုသူ သန်း ၂၀ ခန့်၏ ဓာတ်ပုံနှင့် ဗီဒီယိုများကို ဖေ့စ်ဘွတ်ခ်အက်ပ်၏ လုပ်ဆောင်ချက်တစ်ခုမှတစ်ဆင့် ဝင်ရောက်ကြည့်ရှုခွင့် ရယူထားကြောင်းကို သုံးစွဲသူများထံ စနစ်တကျ အသိပေးခဲ့ခြင်းမရှိဟု ဆိုသည်။

အဆိုပါ လုပ်ဆောင်ချက်ကို အလိုအလျောက် ပိတ်ထားရန်နှင့် အသုံးပြုသူများ၏ ခွင့်ပြုချက်ကို သီးခြားတောင်းခံရန်အတွက် မက်တာကုမ္ပဏီအား ရက်ပေါင်း ၆၀ အချိန်ပေးထားသည်။

ယခုချမှတ်လိုက်သည့် ဒဏ်ငွေပမာဏသည် အီတလီအာဏာပိုင်များက နည်းပညာကုမ္ပဏီကြီး တစ်ခုအပေါ် ချမှတ်ခဲ့ဖူးသမျှ ဒဏ်ငွေများအနက် အကြီးမားဆုံး ဒဏ်ငွေများထဲတွင် ပါဝင်ကြောင်း သိရသည်။

Mon





တရုတ်နိုင်ငံ၏ မီးရထားပို့ဆောင်ရေးလုပ်ငန်းက ဝန်ဆောင်မှု စံချိန်သစ်တင်

ပေကျင်း နိုဝင်ဘာ ၁၅

တရုတ် မီးရထားပို့ဆောင်ရေးလုပ်ငန်းသည် ၂၀၂၆ ခုနှစ် ပထမ ၁၀ လတာကာလအတွင်း ခရီးသည်သွားလာမှု အကြိမ်ရေ ၄ ဒသမ ၁၃ ဘီလီယံအထိ ဝန်ဆောင်မှုပေးနိုင်ခဲ့ရာ ယခင်နှစ် အလားတူကာလထက် ၄ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်၍ စံချိန်သစ်တင်ခဲ့ကြောင်း သိရသည်။

မီးရထားအာဏာပိုင်များသည် မြင့်တက်လာသော ခရီးသွားလာမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဝန်ဆောင်မှုပေးနိုင်စွမ်းကို တိုးချဲ့ခြင်းနှင့် ပြေးဆွဲမှုများကို ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကြောင့် ထိုကာလအတွင်း နေ့စဉ် ပျမ်းမျှ ခရီးသည်တင်ရထား ၁၁၆၇၀ စင်း ပြေးဆွဲနိုင်ခဲ့ပြီး ယခင်နှစ်ထက် ၅ ရာခိုင်နှုန်း တိုးတက်လာသည်။

အမျိုးသားနေ့ အားလပ်ရက် ပထမဆုံးနေ့ အောက်တိုဘာ ၁ ရက်တွင် မီးရထားလုပ်ငန်းက ခရီးသည်သွားလာမှု အကြိမ်ရေ ၂၅ ဒသမ ၂ သန်းအထိ ပို့ဆောင်ပေးနိုင်ခဲ့ပြီး ရထားအစင်းရေ ၁၄၈၈၅ စင်း ပြေးဆွဲနိုင်ခဲ့ရာ တစ်ရက်တာစံချိန်သစ်များ အသီးသီးတင်နိုင်ခဲ့ကြောင်း သိရသည်။

Mon

STOP AIDS

အာရှအဆင့် ယူရိုဗီးရှင်း သီချင်းဆိုပြိုင်ပွဲတွင် ဖိလစ်ပိုင် အဆိုတော် ကာမဲလ် ဆိုဘရာ-ဆိုဘရာ သီချင်းပြင့် အနိုင်ရ

မနီလာ နိုဝင်ဘာ ၁၅

ဖိလစ်ပိုင် အဆိုတော် ကာမဲလ်သည် နိုဝင်ဘာ ၁၄ ရက်က ကျင်းပသည့် ပထမဆုံးအကြိမ် အာရှအဆင့် ယူရိုဗီးရှင်း သီချင်းဆိုပြိုင်ပွဲတွင် သူမ၏ မြူးကြွသွက်လက်သော အကပေါ့ပ် သီချင်းဖြစ်သည့် ဆိုဘရာ-ဆိုဘရာ သီချင်းဖြင့် အားမာန်ပါပါ ဖျော်ဖြေယှဉ်ပြိုင်ကာ အနိုင်ရရှိသွားခဲ့ကြောင်း သိရသည်။

အသက် ၁၉ နှစ်အရွယ် အဆိုပါအဆိုတော်သည် ဘန်ကောက်မြို့၌ကျင်းပသည့် နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် အခြားပြိုင်ပွဲဝင် ၁၀ ဦးကို ကျော်ဖြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး အနိုင်ရရှိသူကို ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံအသီးသီးမှ အကဲဖြတ်ဝိုင်အဖွဲ့များနှင့် ကမ္ဘာတစ်ဝန်းရှိ ပရိသတ်များ၏ မဲပေးရွေးချယ်မှုဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အောင်ပွဲရရှိပြီးနောက် ကာမဲလ်က သူမ၏သီချင်းသည် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်တင်မှုကို ဂုဏ်ပြုထားခြင်းဖြစ်ပြီး "ဖိလစ်ပိုင် အမျိုးသမီးထု တစ်ရပ်လုံးကို ဂုဏ်ပြုရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း" ပြောကြားခဲ့သည်ဟု သိရသည်။

Mon



သီရိလင်္ကာနိုင်ငံ လူဦးရေ၏ ၁၉ ရာခိုင်နှုန်းနီးပါး ဆီးချိုရောဂါခံစားနေရ

ကိုလံဘို နိုဝင်ဘာ ၁၅

သီရိလင်္ကာနိုင်ငံ၌ လူဦးရေ၏ ၁၉ ရာခိုင်နှုန်းနီးပါးသည် ဆီးချိုရောဂါခံစားနေရပြီး အမှန်တကယ်ဖြစ်ပွားမှုနှုန်းမှာ ယခုထက်ပိုမိုမြင့်မားနိုင်ကြောင်း ကျန်းမာရေးဒုတိယဝန်ကြီး ဟန်ဆာကာ ဝီဂျီမူနီက ပြောကြားသည်။

ကမ္ဘာ့ဆီးချိုရောဂါနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်တွင် ကိုလံဘိုမြို့၌ကျင်းပစဉ် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့သည် သီရိလင်္ကာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အပေါ် ဖိအားတိုးလာစေသည့် အဓိက မကူးစက်နိုင်သောရောဂါများဖြစ်ကြောင်း ၎င်းကပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းအချို့တွင် တိုးတက်မှုများရှိသော်လည်း မကူးစက်နိုင်သောရောဂါများကို ကာကွယ်တားဆီးရေးတွင် စိန်ခေါ်မှုများ ဆက်လက်ရင်ဆိုင်နေရကြောင်း ၎င်းက ပြောကြားသည်။ ထို့ပြင် ပြည်သူအများအပြားက ၎င်းတို့တွင် ရှိနေသည့် နောက်ခံကျန်းမာရေးပြဿနာများကို သတိမပြုမိကြခြင်းကြောင့် ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

ရောဂါလက္ခဏာများ မပေါ်ပေါက်သေးသည့်အချိန်တွင်ပင် ပုံမှန်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ကြရန် ပြည်သူများကို တိုက်တွန်းခဲ့သည်။ ရောဂါကို စောစီးစွာရှာဖွေတွေ့ရှိပြီး သင့်လျော်သောကုသမှုခံယူခြင်းဖြင့် ပြင်းထန်သောနောက်ဆက်တွဲကျန်းမာရေးပြဿနာများကို ကာကွယ်နိုင်ကြောင်း ၎င်းက အလေးပေးပြောကြားသည်။ ဆင်ဟွာ





မီးဘေးကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေး

တောင်တွင်းကြီး နိဝင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်နိုင်ဦး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ခိုင်ခိုင်မာမာနှင့် နန်းထက်စံ စက်သုံးဆီအရောင်းဆိုင်များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အလေးထားဆောင်ရွက်ရန်တို့ကို ပြောကြားပြီး လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဦးမျိုး(ဗီဿနိုးမြေ)

ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန် အသိပညာပေးဟောပြောပွဲ ကျင်းပ

မန္တလေး နိဝင်ဘာ ၁၅

ကျောင်းသားလူငယ်များအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို သိရှိနားလည်ပြီး ကြိုတင်ကာကွယ်တားဆီးနိုင်စေရန် ရည်ရွယ်၍ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ မြတ်ပါရမီ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာကြီး ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပမာဏရေးအသင်း(ဗဟို)(AEDA-Mdy)မှ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဦးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အသင်းအမှုဆောင် ဒေါ်သင်းသင်းဦးက မူးယစ်ဆေးဝါး၏ သမိုင်းကြောင်းကိုလည်းကောင်း၊ အသင်းအတွင်းရေးမှူး ဦးမြင့်သန်းက အရက်၊ ကွမ်းနှင့် ဆေးလိပ်တို့၏ ဆိုးကျိုးများအပြင် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးနှင့် အန္တရာယ်များကိုလည်းကောင်း အသီးသီး အသိပညာပေးဟောပြောခဲ့ကြသည်။

ထို့နောက် အသင်းဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းများ မေးမြန်းခဲ့ပြီး မှန်ကန်စွာဖြေဆိုနိုင်သူများကို ဆုလက်ဆောင် ပစ္စည်းများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

(ဝ၇၀)



အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၉ ကီလိုကျော် ဖမ်းဆီးရမိ

ကလေး နိဝင်ဘာ ၁၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိဝင်ဘာ ၃ ရက် မွန်းလွဲ ၃ နာရီခွဲက သတင်းအရ ကလေးမြို့နယ်၊ ကျိုကုန်းရွာအနီးတွင် စိုင်းကိုကို မောင်းနှင်ပြီး လွင်ဖြိုးအောင် လိုက်ပါလာသော NISSAN CONDOR အမျိုးအစားယာဉ်ပေါ်မှ ဘိန်းဖြူ ၂၇ ဒဿမ ၇၂ ကီလို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ နိဝင်ဘာ ၅ ရက်တွင် ဖမ်းဆီးရမိ ဘိန်းဖြူများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ခုပ်လှမ်းထွန်း(ခ)မောင်လှိုင်ဆိုသူအား ကလေးမြို့၊ ပင်လုံရပ်ကွက်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သည်။ သတင်းကွင်းဆက်အရ နိဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက ကလေးမြို့နယ်၊ ကျိုကုန်းရွာအနီး၌ ဇာနည်မိုး(ခ)မိုးအောင် မောင်းနှင်ပြီး အောင်နိုင်မင်း(ခ)မင်းမင်း လိုက်ပါလာသော DONG FEN အမျိုးအစားယာဉ်ပေါ်မှ ဘိန်းဖြူ ၁၁ ဒဿမ ၆၆ ကီလိုအား ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ထိန္ဒေတွင် ဘိန်းဖြူများသယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ မောင်လှ(ခ)သော့ပြောင်းအားလည်းကောင်း၊ နိဝင်ဘာ ၆ ရက်တွင် ဘိန်းဖြူများသယ်ဆောင်ခိုင်းသူ ဇော်ဝင်းမောင်(ခ)မောင်ပိန်အားလည်းကောင်း အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၂ ဒသမ ၈၁၈၆၄ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၃၉ ဒသမ ၃၈ ကီလိုအား ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ အဆိုပါဘိန်းဖြူများ၏ ပိုင်ရှင်ဖြစ်သူမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်နေ အားပီး(ခ)အဝိ(ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး နေလင်းထိုက်(ခ)ငပိကောင်(ဖမ်းဆီးရန်ကျန်)၊ ဟိန်းမိုးအောင်(ဖမ်းဆီးရန်ကျန်)တို့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ကလေးမြို့သို့ သယ်ဆောင်ကာ ၎င်းမှတစ်ဆင့် ချင်းပြည်နယ်၊ တီးတိန်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

တောင်ကြီးမြို့နယ်တွင် မူးယစ်ဆေးဝါးများပမိုးဆီးရမိ

တောင်ကြီး နိဝင်ဘာ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင် မူခင်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးနှင့် မူခင်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် တောင်ကြီး-ဟိုပုံးသွားလမ်းတွင် အမျိုးသားတစ်ဦးအား မူးယစ်ဆေးဝါးများနှင့် ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ နိဝင်ဘာ ၁၃ရက် မွန်းလွဲ ၃ နာရီက တောင်ကြီးခရိုင် မူခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ကြီး-ဟိုပုံးကားလမ်း၊ နမ့်ဆီကျေးရွာအုပ်စု၊ ဟမ်ခြောက်ကျေးရွာအနီးတွင် စောင့်ဆိုင်းနေစဉ် ဦးခွန်ထွန်း မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မိုးကာအင်္ကျီအိတ်ကပ်အတွင်း ပလတ်စတစ်အပြာရောင်ကပ်ခွာအိတ်များဖြင့် ထည့်လျက် WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ ၁၀ ထုပ်၊ စုစုပေါင်းဆေးပြား ၂၀၀၀၊ အလေးချိန်ခန့်မှန်း ၁၈၀ အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါမူးယစ်ဆေးဝါးများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ ဦးခွန်ထွန်း(ကျပန်း)ဆိုသူအား တောင်ကြီးမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၅၇)



သုံးဘီးယာဉ် တိမ်းမှောက်မှု အမျိုးသားနှစ်ဦး သေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် နိဝင်ဘာ ၁၅

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၌ နိဝင်ဘာ ၁၀ ရက်က သုံးဘီးယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့၍ အမျိုးသားနှစ်ဦး သေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ နိဝင်ဘာ ၁၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပေါင်းလောင်းစစ်ဆေးရေးဂိတ်အနီး ဆောက်လုပ်ရေးတံတား၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ရေဆင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ငပလီအပန်းဖြေစခန်းမှ ကျည်တောင်ကျေးရွာဘက်သို့ ဇေယျာသီရိမြို့နယ်၊ စည်ပင်ကြီးကျေးရွာနေ ကိုဇော်လှိုင်ဌေး(၂၈) နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရွာတည်းနေ အမျိုးသားလေးဦး လိုက်ပါလာသည့် LONCIN သုံးဘီးယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တံတား၏ဝဲဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ကိုဇော်လှိုင်ဌေးနှင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ဦးငယ်(၅၅)နှစ်ဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဦးဇင်မင်းထိုက်(၃၀)နှစ်၊ ဦးဝင်းဆွေ(၅၀)နှစ်နှင့် မောင်ဧလင်းဦး(၁၄)နှစ်ဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ယာဉ်အား မဆင်မခြင်ပေါ့လျော့စွာမောင်းနှင်သူ ဇော်လှိုင်ဌေးဆိုသူအား ရေဆင်းနယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀ ၊ (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀ ၊ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

Xizo Zhan က A Small Town Remedy ရိုက်ကွင်း၌ လေလွင့်ကြောင်အား စောင့်ရောက်



တရုတ်အနုပညာရှင် ရှောင်ကျန့်သည် တိရစ္ဆာန်ချစ်သူတစ်ဦး ဖြစ်ပြီး A Small Town Remedy ရိုက်ကွင်းတွင် လေလွင့်ကြောင်များကို စောင့်ရှောက်ပေးခဲ့ကြောင်း ပိန်ဘိုဝက်ဆိုက်ဘ် တွင် ဖော်ပြသည်။

အဆိုပါ ဒရာမာကားရိုက်ကူးစဉ်က သူတည်းသည့် ဟိုတယ်ကားပါကင်တွင် လေလွင့်ကြောင်တစ်ကောင်ကိုတွေ့၍ နွေးထွေးစွာအိပ်ရန် အနီရောင်ကြောင် အိမ်လေးတစ်လုံး၊ ကြောင်စာများကို ဝယ်ယူပေးခဲ့ကြောင်း လုံခြုံရေးဝန်ထမ်းက ပြောကြားခဲ့သည်။

ဟိုတယ်တွင် တည်းခိုသူ တစ်ဦးကလည်း ရှောင်ကျန့်ကို အနီးကပ် ပထမဆုံးအကြိမ် မြင်ဖူးခဲ့ပြီး ကြောင်လေးကို စောင့်ရှောက်ခဲ့ကြောင်း ပြောကြားခဲ့ကာ ကျင်ကျိုးမြို့ဒေသခံများကလည်း ရှောင်ကျန့်နှင့် လေလွင့်ကြောင်လေးအကြောင်း လူမှုကွန်ရက်တွင် တင်ထားခဲ့ကြသည်။

ရှောင်ကျန့်က ရိုက်ကွင်းတစ်ခုလုံးအတွက်လည်း စားစရာများ စီစဉ်ပေးခဲ့ပြီး အလုပ်များသည့်ကြားမှ ကြောင်လေးအတွက် ပါ စီစဉ်ပေးခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် သူလစာ ယွမ်သုံးထောင်ကို တိရစ္ဆာန်စောင့်ရှောက်ရေးအဖွဲ့အစည်း၏ ကြောင်အိမ်လှူဒါန်းရေးစီမံကိန်းအတွက် ကြောင်အိမ် ၁၀ လုံးစာ လှူဒါန်းခဲ့သည်။ **(SKY)**

Bithit မှ Kim Mi Jeong က ဒယ်ဂူးကြယ်ပွင့်အကြောင်းပြောကြား

ဘစ်ဟစ်မြူးစစ်မှ အနုပညာရှင်သစ် ရှာဖွေဖော်ထုတ်ရေး လုပ်ကိုင်ခဲ့သည့် ပရိုဂျူဆာ ကင်မီကျောင်းက လူရွေးပွဲတွင် ဒယ်ဂူးကြယ်တစ်ပွင့် ဗီ(ခေါ်)ကင်ထယ်ယောင်းအကြောင်း ပြောကြားထားကြောင်း ဆွန်ပီဝက်ဆိုက်ဘ်တွင် ဖော်ပြသည်။

အဆိုပါ ဒယ်ဂူးလူရွေးပွဲသင်တန်းသားများစွာအနက် မြင်လိုက်ရုံနှင့် ကြက်သီးထရလောက်သည့် အရှိန်အဝါ၊ အိုက်ဒေါလ်ဖြစ်ဖို့ မွေးဖွားလာသည့် ဒယ်ဂူးကြယ်တစ်ပွင့်ကို မြင်ခဲ့ရသည်မှာ ဗီ(ခေါ်)ကင်ထယ်ယောင်း ဖြစ်နေသည်။

အလွန်ပူအိုက်သော ဒယ်ဂူးဒေသတွင် ဟောင်းနွမ်းနေသည့် သင်တန်းကျောင်းတစ်ခု၊ လူငယ်များမရှိဘဲ လူကြီးများသာရှိ၍ ပွဲလုပ်စဉ်က ပုံများကြည့်ရာမှ မျက်လုံးထဲတန်းကနဲ ဝင်ရောက်လာသော ဗီကိုတွေ့ပြီး လူရွေးပွဲလျှောက်လှမ်းလာစဉ် သေချာပေါက် အိုက်ဒေါလ်ဖြစ်မည့်သူဟု တွေးခဲ့သည်။

သူငယ်ချင်းနှင့် အဖော်လိုက်ပေးရင်း ဖြေဖြစ်သွားသည့် လူရွေးပွဲအောင်၍ မြေးအဘွားနှစ်ဦးက 'အဲဒါအလိမ်အညာကြီး' ဟု ပြောခဲ့ကြသည်။ **(SKY)**





လူ့အရေပြားကို ခရမ်းလွန်ရောင်ခြည်ဒဏ်မှ ပျားရည်က ကာကွယ်ပေးနိုင်ဖွယ်ရှိ

နေရောင်ခြည်မှ ထွက်ပေါ်လာသော ခရမ်းလွန်ရောင်ခြည် (ယူဗီ) သည် အရေပြား အိုမင်းရင့်ရော်မှုကို မြန်ဆန်စေပြီး ဆဲလ်များကို ဖိစီးမှုဖြစ်စေနိုင်ကာ အရေပြားကင်ဆာမဖြစ်ပွားမီ ဖြစ်ပေါ်တတ်သည့် ပျက်စီးမှုများကို ဦးတည်စေနိုင်ရာ အရေပြားကို ပိုမိုကောင်းမွန်စွာ ကာကွယ်နိုင်မည့်နည်းလမ်းများကို သိပ္ပံပညာရှင်များက ရှာဖွေနေစဉ် အီတလီနိုင်ငံမှ သုတေသီများသည် ပန်းပေါင်းစုံပျားရည်က လူ့အရေပြားဆဲလ်များကို ခရမ်းလွန်ရောင်ခြည်ဒဏ် ခံနိုင်ရည်ရှိစေရန် ကူညီပေးနိုင်ခြင်း ရှိ၊ မရှိ စူးစမ်းလေ့လာလျက်ရှိသည်။

ပျားရည်သည် ဓာတ်တိုးဆန့်ကျင်ပစ္စည်း ပါဝင်မှု၊ ပိုးမွှားတိုက်ဖျက်နိုင်မှု၊ ရောင်ရမ်းမှု လျော့ကျစေမှုနှင့် အနာကျက်မြန်စေမှု အစရှိသည့် ဂုဏ်သတ္တိများကြောင့် ဆေးပညာနှင့် အလှကုန်လုပ်ငန်းများတွင် တန်ဖိုးထားအသုံးပြုလျက် ရှိသည်။

အီတလီနိုင်ငံ ဆာဆာရီတက္ကသိုလ်မှ ပါမောက္ခ မာဂါရီတာ မိုင်အိုလီ၏ သုတေသနအဖွဲ့ဝင် ဒေါက်တာ ဖီကီယေး ဖူလ်ယာကာဗက်ခ်သည် ၄င်း၏ ဆေးဘက်ဆိုင်ရာ ဇီဝဗေဒ နောက်ခံပညာရပ်အပြင် ပျားမွေးမြူရေးနှင့် အလှကုန်သိပ္ပံဆိုင်ရာ စိတ်ဝင်စားမှုတို့မှ စိတ်ကူးဉာဏ်ရရှိကာ ယခုသုတေသနကို လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ **(SCI)**

Lisa က 2026 MTV VMAS ဆုပေးပွဲတွင် ဆုရ

၂၀၂၆ခုနှစ် MTV VMAS ဆုပေးပွဲတွင် အကောင်းဆုံးပေါ့ပ်သီချင်းဆုကို ဘလက်ပင့်ခ်အဖွဲ့ဝင် လီဆာက Dream နှင့် ရရှိသွားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၂၆ ခုနှစ် MTV Video Music Awards (VMAS) ဆုပေးပွဲတွင် ကေပေါ့ပ်ဘီတီအက်စ်အဖွဲ့က စံချိန်သစ်များနှင့် Song of the Year, Best Group နှင့် Best Kpop ဆု သုံးဆု သိမ်းပိုက်ခဲ့သည်။

တစ်နှစ်တာအကောင်းဆုံး ဗီဒီယို ဆုကို The Fote Of Ophelia နှင့် တေလာဆွစ်၊ အကောင်းဆုံးလက်တင်အဆိုတော် ဆုကို Choko Choko နှင့် ရာကီရာအန်နီတာ၊ တစ်နှစ်တာ အကောင်းဆုံးအနုပညာရှင်ဆုကို မက်ဒေါနား၊ အကောင်းဆုံးဟစ် ဟော့ဆုကို Safe နှင့် ကာဒီဘီ ကယ်လာနီနှင့် အကောင်းဆုံး ပေါ့ပ်သီချင်းဆုကို Dream နှင့် လီဆာတို့က ရရှိခဲ့ကြသည်။ ပရိသတ်များက အနုပညာရှင်များ၏ စွမ်းရည်ကို ချီးကျူးဂုဏ်ပြုပေးထားကြသည်။ **(SKY)**



ထိုင်းအနုပညာရှင် Ohey Pannawich Strikatvan က စားဖိုမှူးဘဝမှ အိမ်မက်နောက်လိုက်လာ

ထိုင်းအနုပညာရှင် Pannawich Strikatvan သည် စားဖိုမှူးဘဝမှ မင်းသားဖြစ်ချင်၍ အိမ်မက်နောက်လိုက်ခဲ့သူဖြစ်ကြောင်း ထိုင်းအော်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လက်ရှိ ၂၀၂၆ ခုနှစ် အစောပိုင်းတွင် ပရိသတ်ကြား ရေပန်းစားနေသည့် မင်းသားသစ်လေးမှာ The Last Duel ဇာတ်လမ်းတွဲတွင် (မင်းရဲကျော်စွာ)အဖြစ် ထူးထူးခြားခြား သရုပ်ဆောင်ထားသည်။

Pannawich Strikatvan သည် မကြာသေးမီက နာမည်ကြီး Chae အစီအစဉ်တွင် ဧည့်သည်အဖြစ် ပါဝင်ခဲ့ပြီး မီရှယ်လင်းစတားသောက်ဆိုင်၏ စားဖိုမှူးဘဝမှ အိမ်မက်ဖြစ်သော မင်းသားဘဝကို ကူးပြောင်းလာခဲ့ကြောင်း၊ အနုပညာလောကစတင်ဝင်စက သူ၏ဖြစ်တည်မှုနှင့်ပတ်သက်၍ အခွင့်အရေးများ ထိခိုက်မည်ကို စိုးရိမ်ခဲ့ကြောင်း စိန်ခေါ်မှုများအကြောင်း ပွင့်လင်းစွာ ပြောကြားခဲ့သည်။

ပရိသတ်အားပေးမှုကို တစ်ခဏက်ရရှိချိန်၌ အနုပညာသမား တစ်ဦး၏ အောင်မြင်မှုကို လိင်ဆိုသည့်အရာနှင့်ဆုံးဖြတ်မရ၊ ကိုယ့်စွမ်းရည်နှင့် ဇာတ်ကောင်ကို ပရိသတ်ယုံကြည်ရန် ဖန်တီးနိုင်မှုရှိရန် အဓိကဖြစ်သည်ဟု ခံယူချက်ပြောင်းခဲ့၍ LGBTQJA+အသိုက်အဝန်းအတွက်သာမက အိမ်မက်နောက်လိုက်နေကြသည့် လူငယ်များအတွက်ပါ စိတ်ဓာတ်ခွန်အားဖြစ်ခဲ့ကြသည်။ **(SKY)**

(၄၆)ကြိမ်မြောက် Huading Awards တွင် တရုတ်အနုပညာရှင် ပါဝင်

လော့စ်အိန်ဂျလိမြို့တွင် ကျင်းပသည့် (၄၆)ကြိမ်မြောက် Huading Awards ဆုပေးပွဲတွင် ကမ္ဘာ့ကျော်ဖျော်ဖြေရေးအနုပညာရှင်များ၏ လူထုပုံရိပ်အပေါ် ကျေနပ်နှစ်သက်မှုဆိုင်ရာ စစ်တမ်းကောက်ယူ၍ ဆုပေးခဲ့ရာ တရုတ်အနုပညာရှင် နှစ်ဦး ပါဝင်ခဲ့ကြောင်း ပိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါစီစစ်ရွေးချယ်မှုတွင် လူကြိုက်များမှုကိုသာ အဓိကထားခြင်းမဟုတ်ဘဲ အနုပညာဖန်တီးမှုစွမ်းရည်၊ ကိုယ်ကျင့်တရား၊ ပရဟိတတာဝန်ယူမှု၊ လူမှုအဖွဲ့အစည်းအပေါ် သြဇာလွှမ်းမိုးမှုစသည့် ရွေးချယ်ရေးသတ်မှတ်ချက်များကို ဝန်ကြီးဌာနအဆင့် ကော်မတီဝင်များက ဆုံးဖြတ်ခဲ့ကြသည်။

အကောင်းဆုံးတရုတ်ရုပ်ရှင်နှင့် ရုပ်သံမင်းသားဆု ဆန်ခါတင်စာရင်းတွင် ရှောင်ကျန့်နှင့် ဝမ်ရိဘိုတို့ပါဝင်ခဲ့ပြီး နိုင်ငံတကာအထိ ထိုးဖောက်ပြသနိုင်သည့် ရုပ်ရှင်ဇာတ်လမ်းတွဲများစွာနှင့် တရုတ်အနုပညာလောကကို ကမ္ဘာထိ ပျံနှံ့အောင် ကူညီပေးသူများဖြစ်သည်။ နောက်ဆုံးအကြိမ် ၂၀၁၉ ခုနှစ် (၂၆)ကြိမ်မြောက် (The Untamed)နှင့် အကောင်းဆုံးမျက်နှာသစ် သရုပ်ဆောင်ဆုကို ဝမ်ရိဘိုနှင့် ရှောင်းကျန့် ရရှိခဲ့ပြီး ထိပ်ဆုံးပြည်သူ့အကြိုက်ဆုံး မင်းသား ၁၀ ဦးတွင် ဝမ်ရိဘိုရရှိထားသည်။ (၄၆)ကြိမ်မြောက် တရုတ်အနုပညာရှင်ကို ပရိသတ်စောင့်မျှော်နေကြသည်။ **(SKY)**



နိုင်ငံတကာ အားကစား သတင်းများ

အီဂျစ်အသင်းသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ဆာလာ မှတ်တမ်းဝင်



လန်ဒန် နိုဝင်ဘာ ၁၅

အီဂျစ်အသင်းတိုက်စစ်မှူး ဆာလာသည် သွင်းဂိုး ၇၀ ဖြင့် အသင်းသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။(ဝဲပုံ)

အဆိုပါ တိုက်စစ်မှူးသည် အာဖရိကဖလား ခြေစစ်ပွဲစဉ်အဖြစ် အီဂျစ်အသင်းက မာလာဝီအသင်းကို ၎င်းဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆာလာသည် အီဂျစ်အသင်းနှင့်အတူ ၂၀၁၁မှ ၂၀၂၆ခုနှစ်အထိ ပွဲပေါင်း ၁၂၃ ပွဲကစားကာ သွင်းဂိုး ၇၀ အထိ သွင်းယူနိုင်ခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဆာလာက 'ကျွန်တော် အခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားမှာပါ' ဟု ပြောသည်။ (NGB)

ပက်ထရစ်ဒေါ်ဂူး ဒဏ်ရာကြောင့် ဒိန်းမတ်အသင်းလူစာရင်းမှ နတ်ထွက်

လန်ဒန် နိုဝင်ဘာ ၁၅

နောက်ခံကစားသမား ပက်ထရစ်ဒေါ်ဂူးသည် တံကောက်ကြောဒဏ်ရာကြောင့် ဒိန်းမတ်အသင်းလူစာရင်းမှ နတ်ထွက်ခဲ့သည်။ အဆိုပါ နောက်ခံကစားသမားသည် ဒိန်းမတ်အသင်း၏ လေ့ကျင့် ရေးအစီအစဉ်တွင် ဒဏ်ရာရရှိခဲ့ပြီးနောက် အသင်းလူစာရင်းမှ နတ်ထွက်ခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ပက်ထရစ်ဒေါ်ဂူးသည် ဒိန်းမတ်အသင်းနှင့်အတူ ၂၀၂၄ မှ ၂၀၂၆ ခုနှစ်အထိ နိုင်ငံတကာပွဲပေါင်း ၁၆ ပွဲ ကစားကာ လေးဂိုး သွင်းယူထားသည်။ (NGB)

အယ်လ်ခန်းနူးစ်ကို ခေါ်ယူရန် လိဒ်စ်အသင်း စီစဉ်

လန်ဒန် နိုဝင်ဘာ ၁၅

လိဒ်စ်အသင်းသည် စတုဂတ်အသင်းကွင်းလယ်ကစားသမား အယ်လ်ခန်းနူးစ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် စတုဂတ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၄ ပွဲ ကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လိဒ်စ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အယ်လ်ခန်းနူးစ် ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် လိဒ်စ်အသင်းအနေဖြင့် ဆောင်ရာသီဈေးကွက်အတွင်းတွင် စတုဂတ်အသင်းမှ အယ်လ်ခန်းနူးစ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ)(NGB)



ဆွီဒင်အသင်းက ဘော့စနီးယားအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ



စတော့ဟုမ်း နိုဝင်ဘာ ၁၅

ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဆွီဒင်အသင်းနှင့် ဘော့စနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆွီဒင်အသင်းက ဘော့စနီးယားအသင်းကို သုံးဂိုး၊ နှစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့သည်။

ဆွီဒင်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၅ မိနစ်တွင် ဆဲလ်ဗန်ဆွန်၊ ပွဲချိန် ၁၁ မိနစ် နှင့် (၄၅+၂)မိနစ်တွင် ဂျော်ကာရက်စ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ဆွီဒင်အသင်းသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၁၈ ရက်တွင် ပိုလန်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသရမည်ဖြစ်သည်။ (အပေါ်ပုံ)(NGB)

အီဘရာဟင်မာဇာကို စာချုပ်သက်တမ်းတိုးရန် လေဗာကူဆင်အသင်းစီစဉ်

မြူးနစ် နိုဝင်ဘာ ၁၅

လေဗာကူဆင်အသင်းသည် အသင်း ကွင်းလယ်ကစားသမား အီဘရာဟင်မာဇာကို ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ် အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် လေဗာကူဆင်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။ (အောက်ပုံ)

ကွင်းလယ်ကစားသမား အီဘရာဟင်မာဇာသည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ မှ ၂၀၂၆-၂၀၂၇ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၆ ပွဲကစားပြီး ဂိုးဂိုး သွင်းယူထားသည်။



လေဗာကူဆင်အသင်းထုတ်ပြန်ချက်တွင် 'အီဘရာဟင်မာဇာကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ' ဟု ထုတ်ပြန်သည်။(NGB)

ယူအီးအက်ဖ်အေနေးရှင်းလိဂ် (အုပ်စုအဆင့်ပွဲစဉ်များ) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်
၁၆-၁၁-၂၀၂၆ ည ၉း၃၀ နာရီ	ဖာရိုးကျွန်းစု – မော်လ်ဒိဗ်
″	ကာကော်စတန် – ဆလိုဗက်ကီးယား
၁၆-၁၁-၂၀၂၆ ည ၁၁း၃၀ နာရီ	အက်စ်တိုးနီးယား – ဘူလ်ဂေးရီးယား
″	အိုက်စလန် – လူဇင်ဘတ်
၁၇-၁၁-၂၀၂၆ နံနက် ၀း၁၅ နာရီ	ဂျာမနီ – နယ်သာလန်
″	ဂရိ – ဆားဘီးယား
″	ဆွစ်ဇာလန် – စကော့တလန်

အောက်တိုဘာလအတွက် ပရီးမီးယားလိဂ်အကောင်းဆုံး ကစားသမားဆုကို နီကိုးလက်စ်ဂျက်ဆင် ဆွတ်ခူး

လန်ဒန် နိုဝင်ဘာ ၁၅

ပရီးမီးယားလိဂ်မှ လစဉ် လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် အောက်တိုဘာလအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုကို အက်စတွန်ဗီလာအသင်း တိုက်စစ်မှူး နီကိုးလက်စ်ဂျက်ဆင်က ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အောက်တိုဘာလအတွင်း အက်စတွန်ဗီလာအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပွဲစဉ် လေးပွဲကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး နီကိုးလက်စ်ဂျက်ဆင်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၄ ပွဲကစားပြီး ဂိုးဂိုး သွင်းယူထားသည်။

အသက်(၂၅)နှစ်အရွယ်ရှိ နီကိုးလက်စ်ဂျက်ဆင်က 'အခုလို တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အသင်းဖော်တွေရဲ့ ပံ့ပိုးမှုကြောင့်သာ ယခုဆုကို ဆွတ်ခူးခဲ့တာပါ။ ပြီးတော့ အသင်းနဲ့အတူ အောင်မြင်မှုများ ရရှိအောင်လည်း ကြိုးစားသွားမှာပါ' ဟု ပြောသည်။ (အောက်ပုံ)(NGB)



ဂျူးလ်စ်ကွန်ဒီ ဘာစီလိုနာအသင်းတွင် ဆက်ရှိသွားမည်

ဘာစီလိုနာ နိုဝင်ဘာ ၁၅

နောက် ခံ ကစား သမား ဂျူးလ်စ်ကွန်ဒီအသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက ဘာစီလိုနာအသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။



နောက် ခံ ကစား သမား ဂျူးလ်စ်ကွန်ဒီသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၆ ပွဲကစားပြီး ၁၁ ဂိုး သွင်းယူထားသည်။

ဘာစီလိုနာအသင်း၏ထုတ်ပြန်ချက်တွင် 'ဂျူးလ်စ်ကွန်ဒီအသင်းမှာ ဆက်ရှိသွားမှာပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်' ဟု ထုတ်ပြန်သည်။ (ဝဲပုံ) (NGB)

ဘောလုံးသတင်းအတိုအထွာများ

* မန်ယူအသင်းခေါင်းဆောင် ဘရုနိုင်ဖာနန်ဒက်စ်သည် အသင်း၏ စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းမှုကို ငြင်းဆန်ခဲ့ပြီး ထွက်ခွာသွားဖွယ်ရှိသည်။
* နယ်သာလန်ကလပ် ပီအက်စ်ဗွီအသင်းသည် နာဝိုလီအသင်းနှင့် အဆင်မပြေဖြစ်နေသည့် ဒီဘရိုင်းကို ခေါ်ယူရန် စိတ်ဝင်စားလျက် ရှိသည်။ (NGB)

2026 Bybit Stockholm Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Taylor Fritz ဆွတ်ခူး

စတော့ဟုမ်း နိုဝင်ဘာ ၁၅

ဆွီဒင်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Bybit Stockholm Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်တင်းနစ်ကစားသမား Taylor Fritz က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါအမေရိကန်တင်းနစ်ကစားသမား Taylor Fritz သည် 2026 Bybit Stockholm Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား Thiago Agustin Tirante ကို ၆-၂၊ ၄-၆၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ Taylor Fritz က 'ကျွန်တော် အခုလို 2026 Bybit Stockholm Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ' ဟု ပြောသည်။ (အောက်ပုံ)(NGB)



သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆိုင်ရာ ဆောင်ရွက်ထားမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပြင်ဦးလွင် နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုး ဦးဆောင်သောအဖွဲ့သည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြင်ဦးလွင်ခရိုင်အတွင်း၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သည့် ကျောင်းများအနက် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၏ သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းဆိုင်ရာ ဆောင်ရွက်ထားမှုအခြေအနေများအား ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် အချိုရည်ဘူးခွံဟောင်းများဖြင့် အိမ်ကိန်ပုံးပြုလုပ်ထားရှိမှု၊ စွန့်ပစ်ကားတာယာအဟောင်းများဖြင့် စားပွဲနှင့်ထိုင်ခုံများ ပြုလုပ်ထားရှိမှု၊ အလှူငန်းပင်နှင့် ပရဆေးခင်းများ စိုက်ပျိုးထားရှိမှု၊ သိပ္ပံလက်တွေ့ခန်းမ သရုပ်ပြသခြင်းနှင့် C and G School ဆိုင်ရာ ဆောင်ရွက်ထားမှုနှင့်ပတ်သက်၍ မှတ်တမ်းထားရှိမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ပြိုင်ပွဲဝင်ကျောင်းများအနေဖြင့် ဆက်လက်ဆောင်ရွက်ရန်လိုအပ်သည်များအား မှာကြားခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးက ကျောင်းအုပ်ဆရာမကြီးအား အခြေခံပတ်ဝန်းကျင်ဆိုင်ရာ ဘာသာရပ်ဆရာများ လက်စွဲစာအုပ် (Level 1, 2, 3, 4, 5 and Summary) စာအုပ်များနှင့် သန့်ရှင်းစိမ်းလန်း ဗလာစာအုပ်များကို လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

သွေးသွေး(ခရိုင်/ပြန်ဆက်)



အမျိုးသမီးကိုယ်ကာယ ကြံ့ခိုင်ပွဲ(ဒေသိုးဗစ်)ပြိုင်ပွဲတွင် ဒုတိယဒွေတံဆိပ်ဆု ရရှိခဲ့ကြသည့် အသင်းအား ဂုဏ်ပြုကြိုဆို

ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၂၀ အောက် မြို့နယ်ပေါင်းစုံ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲ (အေရိုးဗစ်)ပြိုင်ပွဲများတွင် ဒုတိယဒွေတံဆိပ်နှစ်ဆုရရှိခဲ့သည့် အောင်ပွဲရအသင်းအား ဂုဏ်ပြုကြိုဆိုပွဲကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီခွဲက ဈေးကွက်သစ် ရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမ၌ ကျင်းပရာ အောင်ပွဲရ အေရိုးဗစ် အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားမယ်များအား ကျောင်းသား၊ ကျောင်းသူများက ခန်းမအဝင် လမ်းတစ်လျှောက်တွင် အောင်သပြေပန်းများကမ်း၍ ကြိုဆိုခဲ့ကြသည်။ ခန်းမအတွင်း၌ လွတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဝင်းမြင့်၊ ဦးနေလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဦးအောင်ကိုကိုလတ်က ဆုတံဆိပ်များ ရရှိအောင် ကြိုးစားအားထုတ်ခဲ့ ပုံများကို ရှင်းလင်းတင်ပြပြီး အသင်းနည်းပြ၊ အားကစားမယ်များနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေက ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုဆီမှင်ငွေများ ပေးအပ်ခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်က ဂုဏ်ပြုငွေများ ချီးမြှင့်ပြီး ဂုဏ်ပြုပွဲကို ရုပ်သိမ်းခဲ့သည်။ ယင်းနောက် အားကစားမယ်များက အေရိုးဗစ် အကအလှဖြင့် သရုပ်ပြကစားကြပြီး၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။ **(၄၅၆)**

တိုင်းရင်းဆေးကုဌာနပညာဖြင့် အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်

တံတားဦး နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် တိုင်းရင်းကုသခြင်း၌ အကျိုးကျေးဇူးများပြားစေရန်ရည်ရွယ်၍ ဇီးပင်ကွေ့ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများက ကျန်းမာရေးအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့ဆေးကုသပေးခြင်းလုပ်ငန်းကို ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများကို ဆေးကုသရေးအဖွဲ့မှ ကွင်းဆင်း၍ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခိုင်မေက ဒေသခံပြည်သူများအား အာဟာရပြည့်ဝ၍ ဘေးကင်း စိတ်ချရသော အစားအစာများကို စားသုံးသင့်ကြောင်း၊ ထို့အပြင် ကိတ်မုန့်၊ ပေါင်မုန့်၊ ကော်ဖီ၊ ခေါက်ဆွဲခြောက်၊ အချိုရည်ဘူး စသည့် အသင့်စားအစာများသည် အဆီဓာတ်များပြီး ကျန်းမာရေးနှင့် ညီညွတ်မှုမရှိပါကြောင်း၊ မိမိတို့နေ့စဉ် စားသောက်နေသော အစားအစာများသည် ဘေးကင်း၍ အာဟာရပြည့်ဝရန် လိုအပ်ပါကြောင်း၊ ဝ၊ ဃ၊ ငါးနှာရောဂါ အကြောင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းကိုလည်း ကောင်း၊ စူပါအယ်လ်နီညိုရာသီဥတုအကြောင်းတို့ကိုလည်းကောင်း အကျယ်တဝင့် ဟောပြောသည်။

(ယာဝုံ)

ထို့နောက် မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက ဇီးပင်ကွေ့ကျေးရွာရှိ ဒေသခံပြည်သူများအား အခြားသောရောဂါများကို တိုင်းဆေးပညာဖြင့် ကုသပေးကြပြီး လိမ်းဆေးနှင့် သောက်ဆေးပေးခြင်း၊ ရှောင်ကြဉ်သင့်သော အစားအစာများကို ပြောကြားခြင်းတို့ ဆောင်ရွက်ကြပြီး ဇီးပင်ကွေ့ကျေးရွာမှ ဒေသခံပြည်သူအမျိုးသား ငါးဦး၊ အမျိုးသမီး ၂၅ ဦး၊ စုစုပေါင်း ၃၀ဦးတို့အား အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

(၄၀၉)



ချက်ကြမယ်၊ စားကြမယ် ကဏ္ဍ



ပသျှူးထမင်းခြောက်

ကြက်သားကို အတုံးလေးတွေတုံးပြီး ပဲငံပြာရည်အကြည်နဲ့ ဟင်းချိုမှုန့်ထည့် နယ်ပြီး နှပ်ထားပါ။ မုန်လာဥနီ၊ ဘောဘီကွန်းနဲ့ ပဲစိမ်းထည့်ကြော်ရမှာပါ။

အရင်ဆုံး မုန်လာဥနီကို အခွံခြစ် ရေဆေးပြီးတော့ အတုံးလေးတွေတုံးထားပါ။ ဘောဘီကွန်းနဲ့ ပဲစိမ်းကိုလည်း အနေတော်လှီးထားပါ။ ပဲစိမ်းကို အညွှာဆွဲပြီး ခပ်သေးသေးလှီးထားပါ။ ကြက်သွန်ဖြူဥကြီးတစ်ဝက်၊ ကြက်သွန်နီနှစ်လုံးကို အခွံခွာပြီး နှပ်နှပ်စဉ်းထားပါ။ ငရုတ်သီးစိမ်းကို ပါးပါးလေးလှီးထားပါ။ ဝက်အူချောင်းကို တစောင်းလေးတွေလှီးထားပါ။ ထမင်းတစ်ပန်းကန်ထဲကို ပဲငံပြာရည်အကြည်၊ ငံပြာရည်၊ ပဲငံပြာရည်အနောက် အနည်းငယ်စီ၊ ဆား၊ ဟင်းချိုမှုန့်နဲ့ ဆီအနည်းငယ်ထည့်ပြီး နှံ့အောင်နယ်ထားပါ။ ကြက်ဥနှစ်လုံးကို ပန်းကန်ထဲထည့်ပြီး ခလောက်ထားပါ။

ပထမဆုံး အိုးထဲကို ဆီထည့်ပြီး ဆီပူလာရင် ကြက်သွန်နီ၊ အဖြူ၊ အနီနှင့် ဟင်းချက်ငရုတ်သီးမှုန့် ထမင်းစားဇွန်းတစ်ဝက်ထည့်ပြီး ဆီသတ်ပါ။ အနံ့မွှေးလာရင် အရသာနှပ်ထားတဲ့ ကြက်သားထည့်၍ မွှေပြီး သုံးမိနစ်လောက်ထားပါ။ ပြီးရင် ငရုတ်သီးစိမ်းနဲ့ ဝက်အူချောင်းတွေထည့်ပြီး မွှေပေးပါ။ ပြီးရင် မုန်လာဥနီနဲ့ ပဲစိမ်းတွေကို ထည့်ပြီးမွှေပါ။ ဆား အနည်းငယ်နဲ့ ဟင်းချိုမှုန့်အနည်းငယ် ထပ်ထည့်ပါ။ ဘောဘီကွန်းထည့်ပါ။ မုန့်ညင်းချဉ်ထည့်ပါ။ ခဏကြာရင် ကြော်ထားတဲ့ဟာတွေကို အိုးတစ်ဖက်ကိုကပ်ပြီး ခလောက်ထားတဲ့ ကြက်ဥနှစ်လုံးကို ထည့်ပါ။ ကြက်ဥကိုချက်ချင်းမမွှေဘဲ ခဏထားပါ။ ခဏကြာမှ အားလုံးကို နှံ့အောင်မွှေပါ။ ထို့နောက် အရသာနယ်ထားတဲ့ ထမင်းတွေကိုထည့်ပြီး သမအောင်မွှေပါ။ မီးအားပြင်းပြင်းနဲ့ ဆက်ကြော်ပေးပါ။ ပြီးရင် မဆလာကို မိမိကြိုက်နှစ်သက်သလောက် ထည့်မွှေပြီး မီးဖိုပေါ်မှချပါ။ ဒါဆိုရင်တော့ အရသာရှိတဲ့ ပသျှူးထမင်းကြော် စားသုံးလို့ရပါပြီ။

AMM



ဝက်လက်စတူး

ဘဲဥငါးလုံးကို ဆားထည့်ပြီး ပြုတ်ပါ။ ဝက်လက်တွေကို ရေစင်အောင်ဆေးပါ။ ပြီးရင် ဆား နဲ့ ရှာလကာရည်ထည့်နယ်ပြီး ရေနဲ့နှစ်ခါလောက် ဆေးပြီး ပြုတ်ရပါမယ်။

မီးဖိုပေါ်အိုးတင်ပြီး ရေထည့်ပါ။ ရေဆူလာရင် ဝက်လက်တွေကိုထည့်ပြီး ငါးမိနစ်(သို့မဟုတ်) ၁၀ မိနစ်ခန့်ထားပါ။ ထို့နောက် ဝက်လက်တွေကို ပြန်ဆယ်ပြီး ရေစစ်ထားလိုက်ပါ။ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်မြိတ်၊ ထိုင်ဝမ်မုန့်ညင်း၊ တရုတ်ငါးမျိုးစပ် မဆလာ၊ နာနတ်ပွင့်နဲ့ သစ်ဂျုပိုးခေါက်တို့ကို အသုံးပြုပါမယ်။

ကြက်သွန်ဖြူဥကြီးတစ်ဥနဲ့ ချင်းကို အခွံခွာထားပါ။ ချင်းကို ရေဆေးပြီး ပါးပါးလှီးပါ။ ကြက်သွန်ဖြူကို ဓားပြားရိုက်ထားပါ။ ဘဲဥငါးလုံးကို အခွံခွာထားပါ။

ပထမဆုံး အိုးထဲကို ဆီထည့်ပြီး ဆီပူလာရင် ကြက်သွန်ဖြူ၊ ချင်း၊ သစ်ဂျုပိုးခေါက်နဲ့ နာနတ်ပွင့်တို့ကိုထည့်ပြီးတော့ ဆီသတ်ပါ။ အနံ့မွှေးလာရင် သကြားထမင်းစားဇွန်း သုံးဇွန်းထည့်ပြီး သကြားပျော်သွားသည်အထိ ဆီသတ်ပေးပါ။ ပြီးရင် ဝက်လက်တွေကိုထည့်ပြီး နှံ့သွားအောင်မွှေပေးပါ။ ပဲငံပြာရည်အကြည် ထမင်းစားဇွန်းနှစ်ဇွန်း၊ ခရုဆီ ထမင်းစားဇွန်းတစ်ဇွန်း၊ ဟင်းချက်အရောက် ထမင်းစားဇွန်းတစ်ဇွန်း၊ ပဲငံပြာရည်အနောက် ထမင်းစားဇွန်းတစ်ဇွန်းထည့်ပါ။ ဆားနဲ့ ဟင်းချက်မှုန့်ထည့်ပါ။ တရုတ်ငါးမျိုးစပ်မဆလာကို လက်ဖက်ရည်ဇွန်း နှစ်ဇွန်းထည့်ပြီး နှံ့အောင်မွှေပေးပါ။

ဝက်လက်တွေ အညိုရင့်ရောင်သန်းလာတဲ့အထိ ၁၀ မိနစ်လောက် တည်ထားပါ။ ထို့နောက် ရေကို ဝက်လက်တွေမြုပ်တဲ့အထိ ထည့်ပြီး နှံ့အောင်မွှေ၍ ၄၅ မိနစ်ခန့် ဆက်တည်ထားပါ။ ဝက်သားနူးသွားရင် အရသာမြည်းကြည့်ပြီး လိုအပ်တာထည့်ကာ ထိုင်ဝမ်မုန့်ညင်းထည့်ပြီး တစ်မိနစ်လောက်မွှေပေးပါ။ ပြီးရင် မီးဖိုပေါ်မှချပြီး ကြက်သွန်ဖြိတ်ဖြူးလိုက်ပါ။ ဒါဆိုရင်တော့ ဝက်လက်စတူး ဟင်းတစ်ခွက်ရပြီပေါ့။

AMM

ကျောက်ကပ်ကျန်းမာရေးဆိုင်ရာ တိုင်းရင်းဆေးပညာကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၅

Mandalay River Traditional Specialist Clinic က ကြီးမှူးကျင်းပသည့် ကျောက်ကပ်ကျန်းမာရေးဆိုင်ရာ တိုင်းရင်းဆေးပညာအခြေ ကျန်းမာရေးအသိပညာပေးအစီအစဉ် (Health Education Program - Perspective of Traditional Medicine on Kidney Health) ကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက မန္တလေးမြို့၊ ၆၄ လမ်းနှင့် ၂၇ လမ်းထောင့်ရှိ Oriental House ၌ ကျင်းပသည်။



အခမ်းအနားတွင် မန္တလေး မြစ်အထူးကုတိုင်းရင်းဆေးခန်းမှ GM မယုမုံက အဖွင့်အမှာစကားပြောကြားပြီး MR Clinic Founder ဆရာ ဦးသိုက်ထွန်းက ကျန်းမာရေးအသိပညာပေးအစီအစဉ်၏ ရည်ရွယ်ချက်နှင့် ကုသမှုအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောက်ကပ်ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာရှုထောင့်မှ သုံးသပ်ချက်သက်မှတ်ချက်များကို ဟောပြောရာတွင် ဘေသဇ္ဇနယ(အာယုဗ္ဗေဒဆေးပညာ) ရှုထောင့်မှ တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခ ဦးဌေးလွင်ကလည်းကောင်း၊ ဒေသနာနယဆေးပညာရှုထောင့်မှ တိုင်းရင်းဆေးပညာရှင်ကလည်းကောင်း အသီးသီး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၆)



မြန်မာနိုင်ငံမှ တရားမဝင်တင်သွင်းလာသည့် ထောပတ်သီး ၃ ဒသမ ၅ တန် မဲဆောက်တွင် ဖမ်းဆီးရမိ

ရန်ကုန် နိုဝင်ဘာ ၁၅

မြန်မာနိုင်ငံမှ တရားမဝင် တင်သွင်းလာသည်ဟု ယူဆရသည့် ထောပတ်သီး ၃ ဒသမ ၅ တန်ကို ထိုင်းနိုင်ငံ၊ တက်ခ်ခရိုင်၊ မဲဆောက်မြို့တွင် နိုဝင်ဘာ ၁၃ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း ထိုင်းသတင်းဌာန Khaosod Online ၏ ဖော်ပြချက်အရ သိရသည်။

ဖြစ်စဉ်မှာ မဲဆောက်မြို့ရှိ ထာအတ်-ဝမ်တာခီယန်လမ်းမပေါ်တွင် သံသယဖြစ်ဖွယ် ပစ်ကပ်ကားတစ်စီးကို ထိုင်းအာဏာပိုင်များက စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တင်ဆောင်လာသည့် ထောပတ်သီးသေတ္တာအလုံး ၁၃၀၊ စုစုပေါင်း ၃ ဒသမ ၅ တန်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယာဉ်မောင်းသူသည် တရားဝင် တင်သွင်းခွင့်ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ ပြသနိုင်ခြင်းမရှိသဖြင့် ထိုင်းအာဏာပိုင်များက ထောပတ်သီးများကို သိမ်းဆည်းခဲ့ပြီး ယာဉ်မောင်းသူကိုလည်း ဖမ်းဆီးခဲ့သည်။

အဆိုပါ ဖမ်းဆီးစစ်ဆေးမှုတွင် ရာဂျာမနုအထူးတပ်ဖွဲ့၊ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများနှင့် မဲဆောက်အပစ်ပိုးမွှားကင်းရှင်းရေး စစ်ဆေးရေးဌာနမှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်ခဲ့ကြသည်။

ယာဉ်မောင်းသူကို ၁၉ဖြင့် ခုနှစ် အပင်ပိုးမွှားကင်းရှင်းရေး ဥပဒေနှင့် ၂၀၁၇ခုနှစ် အကောက်ခွန်ဥပဒေတို့အရ အရေးယူနိုင်ရန် ဖမ်းဆီးထားသည်။

သိမ်းဆည်းရမိသည့် ထောပတ်သီးများကို သက်သေခံပစ္စည်းအဖြစ် ထိန်းသိမ်းထားပြီး ဥပဒေအရ ဆက်လက်အရေးယူနိုင်ရန် မဲဆောက်ရဲတပ်ဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၆)တွင် နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက် ဦးဆောင်၍ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများပူးပေါင်း၍ မီးဘေးကာကွယ်ရေးအတွက် အသိပညာပေး လက်တမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် တစ်အိမ်တက်ဆင်း မီးဘေးကာကွယ်ရေးစစ်ဆေးကြစဉ်။ (၀၇၀)



ရှမ်းပြည်နယ်တွင် ကြံတစ်တန်လျှင် ငွေကျပ် ၁၈၀၀၀၀ ရရှိနေသော်လည်း စစ်ကိုင်းတိုင်းဒေသကြီးတွင် ငွေကျပ် ၁၃၅၀၀၀ သာ ပေးထား

မန္တလေး နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ်တွင် ကြံတစ်တန်လျှင် ငွေကျပ် ၁၈၀၀၀၀ နှင့်ထက် ဈေးရရှိနေသော်လည်း စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်းနှင့် တကောင်းဒေသတို့တွင် ငွေကျပ် ၁၃၅၀၀၀ သာ စက်ရုံများက ပေးထားသည့် အတွက် ဒေသအလိုက် ကြံဈေးနှုန်းကွာဟမှုများ ရှိနေသည်။

လက်ရှိပြည်တွင်း သကြားဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ကျော် ရှိနေပြီး ယင်းသကြားပေါက်ဈေးကို အခြေခံတွက်ချက်ကာ ရှမ်းပြည်နယ်ရှိ ကြံစက်ရုံများက ကြံတစ်တန်လျှင် ငွေကျပ် ၁၈၀၀၀၀ သတ်မှတ်ပေးထားခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ငွေရည်ပုလဲကုမ္ပဏီက ကြံတစ်တန်လျှင် ငွေကျပ် ၁၈၀၀၀၀ သတ်မှတ်ပေးထားပြီး တောင်လေးလုံးနှင့် တောင်ကြီးဘက်ရှိ ကုမ္ပဏီများ၊ မြဝတီကုမ္ပဏီတို့ကလည်း ကြံတစ်တန်လျှင် ငွေကျပ် ၁၈၀၀၀၀နှင့် အထက် ပေးချေနိုင်မည့် အခြေအနေရှိသည်။ ရှမ်းပြည်နယ်အတွင်းပိုင်းတွင် လက်ရှိကြံဈေးကွက်နှင့်ပတ်သက်၍ ကြီးမားသည့် အခက်အခဲများ မရှိသေးကြောင်း ၄င်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်းနှင့် တကောင်းဒေသတို့တွင်မူ စက်ရုံများက ကြံတစ်တန်လျှင် ငွေကျပ် ၁၃၅၀၀၀ သာ ပေးထားသည့်အတွက် တောင်သူများအနေဖြင့် သတ်မှတ်ဈေးနှုန်းအပေါ် ကျေနပ်မှုမရှိကြသည်။ တောင်သူများက လက်ရှိဈေးနှုန်းထက် တစ်တန်လျှင် ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ ခန့် ထပ်မံတိုးမြင့်ပေးရန် လိုလားနေကြသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဆန္ဒပြတောင်းဆိုခြင်းထက် သက်ဆိုင်ရာ နိုင်ငံတော်အဆင့် ဌာနများနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနထံ စာဖြင့် တင်ပြတောင်းဆိုနိုင်ရေး ဆွေးနွေးဆောင်ရွက်နေကြသည်။

စက်ရုံများဘက်တွင် ကြံဝယ်ယူမည့်ဈေးနှုန်းကို တရားဝင်ကြေညာထားခြင်း မရှိသေးဘဲ ဒေသအလိုက် တောင်သူများ၏ တောင်းဆိုမှု၊ သကြားပေါက်ဈေးနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် အခြေအနေများအပေါ်မူတည်၍ ဈေးနှုန်းတွက်ချက်ပေးနေခြင်း ဖြစ်ကြောင်း သိရသည်။ (အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)



သန့်ရှင်းသာယာမန္တလာ ပိုင်းဝန်းထိန်းသိမ်းပါ။

အယ်လ်နီညိုကြောင့် သီးနှံအထွက်နှုန်း ထိခိုက်နိုင်၊ တောင်သူများ ကြိုတင်ပြင်ဆင်ရန်လိုအပ်လျက်ရှိ

မန္တလေး နိုဝင်ဘာ ၁၅

အယ်လ်နီညိုဖြစ်စဉ် အားကောင်းနေသည့်အတွက် အပူချိန်မြင့်တက်ခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းတို့ ဖြစ်ပေါ်နိုင်ရာ ပြည်သူများနှင့် တောင်သူလယ်သမားများအနေဖြင့် ရာသီဥတုအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ကြရန် လိုအပ်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ နိုဝင်ဘာ ၁၁ ရက် ထုတ်ပြန်ချက်အရ အီကွေတာအနီး အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်ထက် ၂ ဒသမ ၅ ဒီဂရီမှ ၂ ဒသမ ၈ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်နေပြီး အလွန်အားကောင်းသော အယ်လ်နီညိုအခြေအနေ ဆက်လက်တည်ရှိနေကာ နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်။

အဆိုပါဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်မှုနှင့် ရေရှားပါးမှုများ ဖြစ်ပေါ်နိုင်သည့်အတွက် ပြည်သူများအနေဖြင့် သောက်သုံးရေကို ချွေတာသုံးစွဲခြင်း၊ မိုးရေကြိုတင်စုဆောင်းခြင်းနှင့် အပူဒဏ်အန္တရာယ်ကို သတိပြုနေထိုင်ခြင်းတို့ ဆောင်ရွက်သင့်သည်။ ထို့အပြင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများလည်း ဖြစ်ပေါ်နိုင်သဖြင့် မိုးလေဝသသတိပေးချက်များကို အမြဲစောင့်ကြည့်ရန် လိုအပ်သည်။

စိုက်ပျိုးရေးကဏ္ဍတွင်လည်း အပူဒဏ်နှင့် မိုးခေါင်ဒဏ်ခံနိုင်သော သီးနှံမျိုးများ ရွေးချယ်စိုက်ပျိုးခြင်း၊ ရေသုံးစွဲမှုကို စနစ်တကျစီမံခြင်း၊ မိုးရေစုဆောင်းခြင်းနှင့် မြေဆီလွှာအစိုဓာတ်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်သင့်ကြောင်း အကြံပြုထားသည်။

ထို့အပြင် မိုးလေဝသခန့်မှန်းချက်များအပေါ်မူတည်၍ စိုက်ပျိုးချိန်ညှိနှိုင်းခြင်း၊ ရိတ်သိမ်းရန် အသင့်ဖြစ်သော သီးနှံများကို အချိန်မီရိတ်သိမ်းခြင်း၊ စိုက်ခင်းများတွင် ရေထုတ်မြောင်းများ ကြိုတင်ရှင်းလင်းခြင်းနှင့် ရိတ်သိမ်းထွက်ကုန်များကို မိုးရေမစိစေရန် စနစ်တကျ သိုလှောင်ခြင်းတို့ ဆောင်ရွက်ရန် လိုအပ်သည်။

ရာသီဥတုအခြေအနေများကို ကြိုတင်သိရှိပြီး ရေအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ သင့်လျော်သော စိုက်ပျိုးရေးနည်းပညာများ အသုံးပြုခြင်းနှင့် သက်ဆိုင်ရာဌာနများ၏ သတိပေးချက်များကို လိုက်နာခြင်းဖြင့် အယ်လ်နီညိုဖြစ်စဉ်၏ လူမှုဘဝနှင့် စိုက်ပျိုးရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများကို လျော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

ရွှေမန်း



လျှပ်စစ်ကို သိုလှောင်နိုင်စေခဲ့သည့် ခဲအက်စစ် ဘက်ထရီများအကြောင်း တစေ့တစောင်း

၁၈၅၉ ခုနှစ်၌ Gaston Planté တီထွင်ခဲ့သည့် Lead-Acid Battery သည် ပြန်လည်အားသွင်းနိုင်သည့် ဘက်ထရီနည်းပညာ၏ သမိုင်း၌ အရေးပါသည့် မှတ်တိုင်တစ်ခု ဖြစ်ခဲ့ပါသည်။ အဆိုပါဘက်ထရီအတွင်းမှာ ခဲ (Pb)၊ ခဲဒိုင်အောက်ဆိုဒ် (PbO_2) နှင့် ဆာလဖျူရစ်အက်စစ် (H_2SO_4) များ ပါဝင်ပါသည်။ ဘက်ထရီက လျှပ်စစ်ထုတ်ပေးနေချိန်တွင် ခဲနှင့် ခဲဒိုင်အောက်ဆိုဒ်များသည် ခဲဆာလဖိတ် ($PbSO_4$) အဖြစ် ပြောင်းလဲသွားကြပါသည်။ အဆိုပါဖြစ်စဉ်အတွင်း အီလက်ထရွန်တွေ ပြင်ပပတ်လမ်းတစ်လျှောက် စီးဆင်းလာခြင်းကြောင့် လျှပ်စစ်ပစ္စည်းများ အလုပ်လုပ်နိုင်ခြင်း ဖြစ်ပါသည်။

စိတ်ဝင်စားစရာအချက်မှာ ဘက်ထရီအားကုန်သွားသည့် အခါမှာပင် အဆိုပါဓာတုပြောင်းလဲမှုကို ပြောင်းပြန်ဖြစ်စေနိုင်သေးခြင်းဖြစ်ပါသည်။ ပြင်ပလျှပ်စစ်စွမ်းအင်ကို အသုံးပြုပြီး အားပြန်သွင်းလိုက်သည့်အခါ မူလလျှပ်ကူးပစ္စည်းများနှင့် ဆာလဖျူရစ်အက်စစ်များ ပြန်လည်ဖြစ်ပေါ်လာနိုင်ပါသည်။ သို့သော် အားပြန်သွင်းနိုင်သည့် ဘက်ထရီတစ်လုံးသည် မည်သည့်အတွက်ကြောင့် အချိန်ကြာလာသည်နှင့်အမျှ စွမ်းဆောင်ရည်ကျဆင်းလာရခြင်းဖြစ်ပါသလဲ။ ဘက်ထရီအတွင်းမှာ ဖြစ်ပေါ်သည့် Sulfation ဆိုသည်က ဘာလဲ။ အားကုန်နေသည့်အခါ လျှပ်ကူးအရည်၏ သိပ်သည်းဆ ဘာကြောင့် လျော့နည်းလာရပါသလဲ စသည်တို့ကို ဆက်လက်ရှင်းလင်း တင်ပြပေးသွားမည်ဖြစ်ပါသည်။

ခဲ-အက်စစ်ဘက်ထရီ (Lead-Acid Battery)သည် ဓာတုစွမ်းအင်ကို လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲပေးပြီး ပြန်လည်အားသွင်း၍ရသော အရန်ဓာတ်အားနှင့် မော်တော်ယာဉ်သုံး ဘက်ထရီတစ်မျိုး ဖြစ်သည်။



ပါဝင်ပစ္စည်းများ

- **ခဲ (Lead - Pb)**
- **ခဲဒိုင်အောက်ဆိုဒ် (Lead dioxide - PbO_2)**
- **ဆာလဖျူရစ်အက်စစ် (Sulfuric acid - H_2SO_4)** အီလက်ထရွန်ရည်

အဓိကအမျိုးအစားများ

- **ရေလွှမ်းထားသော ခဲ-အက်စစ်ဘက်ထရီ (Flooded Lead-Acid Battery)-** အရည်ပုံစံ အက်စစ်စိမ်ထားပြီး ပုံမှန်ရေဖြည့်ပေးရန် လိုအပ်သည်။
- **VRLA (AGM နှင့် GEL)ဘက်ထရီများ-** အပိတ်အဆို့ပါဝင်ပြီး ပြုပြင်ထိန်းသိမ်းမှု ပိုမိုသက်သာသော ဂျယ် (သို့မဟုတ်) ဖိုက်ဘာ အခြေခံဘက်ထရီများ ဖြစ်သည်။

အားသာချက်နှင့် အားနည်းချက်များ

- **အားသာချက်များ-** လီသီယမ်ဘက်ထရီများထက် ကုန်ကျစရိတ် ဈေးသက်သာပြီး စွမ်းအားမြင့်မားစွာ ထုတ်လွှတ်နိုင်သည်။
- **အားနည်းချက်များ-** အလေးချိန်လေးပြီး စွမ်းအင်သိုလှောင်မှု သိပ်သည်းဆ နိမ့်သည်။

ခဲ-အက်စစ်ဘက်ထရီသည် ခေတ်သစ်နည်းပညာတွင် အရေးအကြီးဆုံး စွမ်းအင်သိုလှောင်သည့် ကိရိယာများထဲမှ တစ်ခု အဖြစ် ရှိနေဆဲဖြစ်သည်။ ၁၉ ရာစုတွင် Gaston Planté မှ တီထွင်ခဲ့ပြီး ယာဉ်များ၊ အရန်ဓာတ်အားစနစ်များနှင့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်တပ်ဆင်မှုများတွင် ယနေ့တိုင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေဆဲဖြစ်သည်။ ၎င်း၏ ရေရှည်တည်တံ့သော ဆက်စပ်မှုသည် ၎င်း၏ ရိုးရှင်းမှု၊ ယုံကြည်စိတ်ချရမှုနှင့် မြင့်မား သော လျှိုးစီးကြောင်းများကို ပေးပို့နိုင်စွမ်းတို့ဖြစ်သည်။ ၎င်းမည်သို့ အလုပ်လုပ်သည်ကို နားလည်ရန်၊ ၎င်း၏ဖွဲ့စည်းပုံ၊ ဓာတုဗေဒ တုံ့ပြန်မှုများနှင့် စွမ်းဆောင်ရည်လက္ခဏာများကို ကျွန်ုပ်တို့ စစ်ဆေးရပါမည်။ ဤခွဲခြမ်းစိတ်ဖြာမှုသည် ခဲ-အက်စစ်ဘက်ထရီ၏ အတွင်းပိုင်းလုပ်ဆောင်ချက်များနှင့် စွမ်းအင်စနစ်များတွင် ၎င်း၏ အခန်းကဏ္ဍကို အသေးစိတ်ရှင်းပြသည်။

လျှပ်စစ်ဓာတုဗေဒဆိုင်ရာ စွမ်းအင်ပြောင်းလဲမှု၏ နိယာမ

ဘက်ထရီအားလုံးသည် ဓာတုစွမ်းအင်ကို လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲပေးသည့် လျှပ်စစ်ဓာတုဓာတ်ပြုမှုများမှတစ်ဆင့် လုပ်ဆောင်ကြသည်။ ခဲအက်စစ်ဘက်ထရီသည် ဒုတိယဆဲလ် တစ်ခုဖြစ်ပြီး ၎င်း၏ဓာတ်ပြုမှုများသည် ပြောင်းပြန်လှန်နိုင်သည်- ၎င်းသည် စွမ်းအင်ပေးရန် ထုတ်လွှတ်နိုင်ပြီး ၎င်း၏ဓာတုအလားအလာကို ပြန်လည်ရရှိစေရန် ပြန်လည်အားသွင်းနိုင်သည်။

အားသွင်းနေစဉ်တွင် အီလက်ထရွန်များသည် အနှတ်လက္ခဏာဂိတ်(အနှုတ်)မှ အပေါင်းလက္ခဏာဂိတ်(ကက်သုတ်)သို့ ပြင်ပပတ်လမ်းမှတစ်ဆင့် စီးဆင်းပြီး ချိတ်ဆက်ထားသော စက်ပစ္စည်းများကို စွမ်းအင်ပေးသည်။ အားသွင်းနေစဉ်အတွင်း ပြင်ပပါဝါအရင်းအမြစ်သည် ဤစီးဆင်းမှုကို ပြောင်းပြန်လှန်ပြီး အီလက်ထရွန်များကို အနှုတ်သို့ ပြန်လည်တွန်းပို့ကာ အားသွင်းစဉ်တွင် ဖြစ်ပေါ်ခဲ့သော ဓာတုဓာတ်ပြုမှုများကို ပြောင်းပြန်လှန်ပေးသည်။

ဘက်ထရီ၏ ဗို့အားထွက်ရှိမှုနှင့် စွမ်းရည်သည် Electrode များတွင် အသုံးပြုသော သီခြားပစ္စည်းများပေါ်တွင် မူတည်ပါသည်။ ခဲ-အက်ဆစ်ဘက်ထရီတွင် ဤပစ္စည်းများမှာ ခဲ၊ ခဲဒိုင်အောက်ဆိုဒ်နှင့် ဆာလဖျူရစ်အက်ဆစ်တို့ ဖြစ်သည်။

ခဲ-အက်စစ်ဆဲလ်၏ ဖွဲ့စည်းပုံနှင့် အစိတ်အပိုင်းများ

ခဲအက်စစ်ဆဲလ်တစ်ခုသည် ဗို့အားနှစ်ဗို့ခန့် ထုတ်လုပ်ပေး သည်။ ပုံမှန် ၁၂ ဗို့အားသည် ကားဘက်ထရီ စီးရီးချိတ်ဆက် ထားသော ဆဲလ်ခြောက်ခုပါရှိသည်။ ဆဲလ်တစ်ခုစီတွင် အဓိက အစိတ်အပိုင်းသုံးခုပါရှိသည်- Electrodes, Electrolyte နှင့် ခွဲထုတ်ကိရိယာများ။

အပြုသဘောဆောင်သော အပေါင်းပြား (Cathode) - အညိုရောင်၊ အောက်ဆီဒေးရှင်းဖြစ်စေသော ဒြပ်ပေါင်းဖြစ်သည့် ခဲဒိုင်အောက်ဆိုဒ်(PbO_2)ဖြင့် ပြုလုပ်ထားသည်။

အနှုတ်ပြား(Anode) - ဓာတုဓာတ်ပြုမှုများအတွက် မျက်နှာပြင် ဧရိယာကျယ်ဝန်းသည့် ရေမြှုပ်ကဲ့သို့ ပျော့ပျောင်းသော သတ္တု ခဲ(Pb)ဖြင့် ပြုလုပ်ထားသည်။

Electrolyte - ဆာလဖျူရစ်အက်စစ် (H_2SO_4) နှင့် ရေတို့ ရောစပ်ထားသော ပျော်ရည်။ ၎င်းသည် အိုင်းယွန်းစီးကူးပစ္စည်း အဖြစ်နှင့် ဓာတုဓာတ်ပြုမှုများတွင် ပါဝင်သူ နှစ်မျိုးလုံးအဖြစ် ဆောင်ရွက်သည်။

ခွဲထုတ်ကိရိယာ - အပေါက်များသော အပူလျှပ်ကာပစ္စည်း များသောအားဖြင့် ဖိုက်ဘာမှန် (သို့မဟုတ်) ရာဘာဖြစ်ပြီး အိုင်းယွန်းစီးဆင်းမှုကို ခွင့်ပြုနေစဉ်တွင် ပြားများအကြား တိုက်ရိုက်ထိတွေ့မှုကို ကာကွယ်ပေးသည်။ အပြားများကို အစိုင်အခဲပြားများအစား ဇယားကွက်များအဖြစ် ဖွဲ့စည်းထားသည်။ ဤဇယား ကွက်ဒီဇိုင်းသည် မျက်နှာပြင်ဧရိယာကို အများဆုံးဖြစ်စေပြီး ခုခံမှုကို အနည်းဆုံးဖြစ်စေသည်။ ဆဲလ်တစ်ခုလုံးကို အက်စစ်ဒဏ် ခံနိုင်သော တာရှည်ခံအခွံ၊ အများအားဖြင့် Polypropylene ဖြင့် ပြုလုပ်ထားပြီး စက်ပိုင်းဆိုင်ရာကာကွယ်မှုပေးစွမ်းပြီး Electrolyte ပါရှိသည်။

ဘက်ထရီသည် စက်ပစ္စည်းတစ်ခုကို စွမ်းအင်ပေးသည့်အခါ ၎င်းသည် အားကုန်ခြင်းလုပ်ငန်းစဉ်ကို ဖြတ်သန်းသည်။ ဤအဆင့်တွင် ဘက်ထရီတွင် သိုလှောင်ထားသော ဓာတုစွမ်းအင်ကို လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲသည်။

အနှုတ်ပြားတွင် ခဲသည် ဆာလဖျူရစ်အက်စစ်မှ ဆာလဖိတ်အိုင်းယွန်းများ (SO_4^{2-}) နှင့် ဓာတ်ပြုပြီး ခဲဆာလဖိတ် ($PbSO_4$) ကို ဖွဲ့စည်းကာ အီလက်ထရွန်များကို ထုတ်လွှတ်သည်-

$$Pb + SO_4^{2-} \longrightarrow PbSO_4 + 2e^-$$

အပေါင်းပြားတွင် ခဲဒိုင်အောက်ဆိုဒ်သည် ဟိုက်ဒရိုဂျင် အိုင်းယွန်းများနှင့် ဆာလဖိတ်အိုင်းယွန်းများနှင့် ဓာတ်ပြုပြီး ပတ်လမ်းမှတစ်ဆင့် စီးဆင်းနေသော အီလက်ထရွန်များကို စားသုံးကာ ခဲဆာလဖိတ်နှင့် ရေကို ဖွဲ့စည်းပေးသည်-

$$PbO_2 + 4H^+ + SO_4^{2-} + 2e^- \longrightarrow PbSO_4 + 2H_2O$$

ဤဓာတ်ပြုမှုများကို ပေါင်းစပ်လိုက်သောအခါ အောက်ပါ အတိုင်း အကျဉ်းချုပ်နိုင်သည်-

$$Pb + PbO_2 + 2H_2SO_4 \rightleftharpoons 2PbSO_4 + 2H_2O$$

ဘက်ထရီအားကုန်သွားသည်နှင့်အမျှ ဆာလဖျူရစ်အက်စစ်ကုန်သွားပြီး ရေဖြစ်ပေါ်လာသည်။ Electrolyte သည် ပြင်းအားနည်းလာပြီး ၎င်း၏ သီးခြားဆွဲငင်အားကို လျော့ကျစေသည်။ ဤပြောင်းလဲမှု၏ အားသွင်းမှုအခြေအနေကို ခန့်မှန်းရန် တိုင်းတာနိုင်သည်။



အားသွင်းခြင်းလုပ်ငန်းစဉ်

ပြင်ပလျှပ်စီးကြောင်းကို ကားအော်လ်တာနာ (သို့မဟုတ်) အားသွင်းကိရိယာမှ အသုံးပြုခြင်းကဲ့သို့သော လျှပ်စီးကြောင်းကို အသုံးပြုသောအခါ ဓာတ်ပြုမှုများ ပြောင်းပြန်ဖြစ်သွားသည်။ ရည်ရွယ်ချက်မှာ ပြားနှစ်ခုလုံးရှိ ခဲဆာလဖိတ်ကို ခဲဒိုင်အောက်ဆိုဒ်နှင့် ရေဖြစ်ပြန်အဖြစ်သို့ ပြန်လည်ပြောင်းလဲပေးနေစဉ်တွင် ဆာလဖျူရစ်အက်စစ်ပါဝင်မှုကို ပြန်လည်ရရှိစေရန်ဖြစ်သည်။

အနှုတ်ပြားမှာ-

$$PbSO_4 + 2e^- \longrightarrow Pb + SO_4^{2-}$$

အပေါင်းပြားမှာ-

$$PbSO + 2H_2O \longrightarrow PbO_2 + 4H^+ + SO_4^{2-} + 2e^-$$

အလုံးစုံအားသွင်းတုံ့ပြန်မှုမှာ-

$$2PbSO + 2H_2O \longrightarrow Pb + PbO_2 + 2H_2SO_4$$

အားသွင်းနေစဉ်အတွင်း ဆာလဖျူရစ်အက်စစ်ပါဝင်မှု ပြန်လည်မြင့်တက်လာပါသည်။ အပြည့်အစွမ်းရည်ထက် ကျော်လွန်၍ အားသွင်းနေပါက အီလက်ထရိုလိုက်ရှိရေသည် ပြိုကွဲပြီး ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်ဓာတ်ငွေ့များကို ထုတ်လုပ်ပါသည်။ 'ဓာတ်ငွေ့ထုတ်လွှတ်ခြင်း'ဟု လူသိများသော ဤလုပ်ငန်းစဉ်သည် ရေဆုံးရှုံးမှုကို ဖြစ်စေပြီး ရေလျှံနေသော ဘက်ထရီများတွင် ပြုပြင်ထိန်းသိမ်းမှု လိုအပ်ပါသည်။

ဆာလဖျူရစ်အက်စစ်သည် စွမ်းအင်ပြောင်းလဲခြင်းလုပ်ငန်းစဉ်တွင် တက်ကြွစွာ ပါဝင်သူဖြစ်သည်။ ၎င်းသည် အီလက်ထရွန်များကို ပြင်ပပတ်လမ်းမှတစ်ဆင့် စီးဆင်းစေသည့် အိုင်းယွန်းများကို ပံ့ပိုးပေးသည်။ အက်စစ်၏ ပါဝင်မှုသည် ဗို့အားနှင့် ဘက်ထရီကျန်းမာရေး နှစ်မျိုးလုံးကို တိုက်ရိုက်အကျိုးသက်ရောက်စေသည်။ အက်စစ်ပါဝင်မှု မြင့်မားခြင်းသည် ဗို့အားမြင့်မားမှုကို ဖြစ်ပေါ်စေသော်လည်း ပြားများ၏ ချေးခြင်းကို အရှိန်မြှင့်ပေးသည်။

Electrolyte သည် အအေးခံပစ္စည်းအဖြစ်လည်း လုပ်ဆောင်ပြီး အားသွင်းခြင်းနှင့် အားပြန်သွင်းခြင်းအတွင်း ဖြစ်ပေါ်လာသော အပူကို စွန့်ထုတ်သည်။ အက်စစ်၏သိပ်သည်းဆသည် ဘက်ထရီ၏ အားသွင်းအခြေအနေနှင့်အတူ ပြောင်းလဲသွားသောကြောင့် နည်းပညာရှင်များနှင့် အသုံးပြုသူများအတွက် အသုံးဝင်သော ရောဂါရှာဖွေရေးကန့်သတ်ချက်တစ်ခု ဖြစ်စေသည်။

(ဆက်လက်ဖော်ပြပါမည်။)

မောင်မောင်စွယ်စုံထွန်း

စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်အကြို ပြိုင်ပွဲများ ကျင်းပ



မြို့သစ် နိုဝင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်အကြို စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ရတနာခန်းမ)နှင့် စာသင်ဆောင်များ၌ အသီးသီး ကျင်းပခဲ့သည်။

ပြိုင်ပွဲများ မကျင်းပမီ အမှတ်ပေးခိုင်လှကြီး ဆရာ၊ဆရာမများက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကိုပြောကြား၍ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် 'ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးဖို့ အားလုံးဝိုင်းဝန်းကူညီစို့' ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးကလည်းကောင်း၊အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် 'ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးမှုသည် အနာဂတ်လူငယ်တို့၏ဘဝကို မြှင့်တင်ကြပါစို့'၊ 'ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့' ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၉ ဦးကလည်းကောင်း၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် စာပေနှင့်ပတ်သက်သည့် အသိပညာပေးပုံပြင်များဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၂ ဦးကလည်းကောင်း အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများကျင်းပရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးဆန်းအောင်ထွေးနှင့်အဖွဲဝင်များ၊ ဌာနဆိုင်ရာများက လာရောက်ကြည့်ရှုအားပေး၍ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား နိုဝင်ဘာ ၁၇ ရက်တွင် ကျင်းပမည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် အခမ်းအနားတွင် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဝင်းအိန္ဒနံ(ပြန်/ဆက်)



ကန်ထောပန်း

လက်ဦးဆရာ ၊ မည်ထိုက်စွာသား
ပုဗ္ဗာစရိယ ၊ မိနှင့်ဖပြင်
သင်သည့်ဆရာ ၊ မြင်ဆရာနှင့်
ကြားလင့်ဆရာ ၊ တူစွာအတိ
ဝန္တာမိသာ ၊ အာစရိယ
ဂုဏ်ယူစော ၊ ရတနာကို
ယှဉ်ဖြာလက်ယှဉ် ၊ ဦးထိပ်တင်မိုး
ကျွန်ရှိခိုးသည် ၊ မြေမိုးတမျှ
ကျေးဇူးလှကို ၊ ပြေရစေကြောင်း
ဆုမတောင်းခဲ့ ၊ ပြစ်ပေါင်းကုန်စင်
မကြေလျှင်လည်း ၊ ဘဝ်ချမ်းမြေ
ခွင့်လွှတ်ကြသည် ၊ ဖြစ်ရပါစေ
တောင်းဆွဲခြေသည်
မသွေယခု ၊ တည်ပါစေ ။ ။

ကြည်သာရည်

စာဖတ်ရှုနိုင်မြင့်မားရေးအတွက် နယ်လှည့်စာကြည့်တိုက် အသိပညာပေးဟောပြောပွဲ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲများ ကျင်းပ

မြစ်သား နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီတာအောင် ဦးဆောင်၍ ဘူတာရုပ်ကွက်၊ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းသင်ခန်းစာများအပြင် ပြင်ပစာပေကောင်းများဖတ်ရှုလေ့လာ သိရှိခြင်းဖြင့် အသိပညာဗဟုသုတများတိုးတက်၍ ဗလငါးတန်နှင့်ပြည့်စုံသည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရန်ရည်ရွယ်၍ နယ်လှည့်စာကြည့်တိုက် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲများကို အဆိုပါကျောင်း၌ နိုဝင်ဘာ ၁၃ ရက်မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ တာဝန်ခံဆရာမကြီး ဒေါ်တင်မာအေးက ကျောင်းသား၊ ကျောင်းသူများအား ယဉ်ကျေးလိမ္မာမှုရှိစေရန်နှင့် စည်းကမ်းရှိစေရန် အကြောင်းအရာများပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ကျောင်းသား၊ ကျောင်းသူများကို မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အကြောင်းအရာများကို အသိပညာပေးဟောပြောခြင်းနှင့် စာဖတ်ခြင်းအကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောရာတွင် သုတ၊ ရသ စာပေများကို ဖတ်ရှုလေ့လာကြရန်၊ စာဖတ်ခြင်းဖြင့် အမှား၊ အမှန်အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားနိုင်မည်ဖြစ်ကြောင်းကို အကျယ်တဝင့် အသိပညာပေးဟောပြောခဲ့သည်။



ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်စာစောင်၊ ဒေသတွင်းလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် စာအုပ်ပြပွဲများကို ကျောင်းသား၊ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ဝါဝါမြင့်(မြစ်သား)**

လူငယ်ရေးရာအသိပညာပေး ဟောပြော

တပ်ကုန်း နိုဝင်ဘာ ၁၅

ပြည် ထောင် စု နယ် မြေ နေပြည်တော်၊ တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းသားလူငယ်များ ကျောင်းစာများအပြင် ပြင်ပဗဟုသုတများ ပိုမိုရရှိစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွန်းလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲက အဆိုပါကျောင်းသားလူငယ်များ စာသင်ဆောင်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက မျိုးချစ်စိတ်ဓာတ်ပိုမိုရှိစေရေး၊ မြို့မရဲစခန်းမှ ဒုတိယရဲမှူး ညီညီထွန်းက မူခင်းကျဆင်းစေရေး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်က မီးဘေးလုံခြုံစေရေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်တို့ဖြင့် ရှင်းလင်းဟောပြောခဲ့ပြီးနောက် တက်ရောက်လာသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး အယ်လ်ကီညီရာသီဥတုဖြစ်စဉ် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)မြို့နယ်(ပြန်/ဆက်)





နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

လဲချား နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လဲချားမြို့ အခြေခံပညာအလယ်တန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်နံရံကပ်စာစောင် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲကို နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။



ဟောပြောပွဲတွင် လဲချားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးထွေးက ကျောင်းသား၊ကျောင်းသူများအား ကလေးသူငယ်ဘေးကင်း လုံခြုံရေးနှင့်၊ ကိုယ်ကျင့်တရား ကောင်းမွန်ရေးစသည့် အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဆုရည်ထွေးက စာကြည့်တိုက်အသင်းဝင်ကတ်များပြုလုပ်ပေးပြီး စာအုပ်၊ စာစောင်များ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

မြို့နယ်(ပြန်/ဆက်)

မဟာရွှေစည်ကြီးစေတီတော်၌ ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ကန့်ဘလူ နိုင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့ ကျက်သရေဆောင် မဟာရွှေစည်ကြီး စေတီတော်၌ ဘုရားဖူးလာပြည်သူအများ စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရန်နှင့် သန့်ရှင်းသာယာရေးတို့အတွက် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ စုပေါင်း၍ နိုဝင်ဘာ ၁၄ ရက် နှံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရေတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့နှင့်ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ စေတီတော်ရှိ ဗုဒ္ဓရုပ်ပွား တော်များ ပတ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများ၊ ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝံပုံ)

အောင်ဝင်းဦမိုး(ကန့်ဘလူ)



ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

မိုင်းယောင်း နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းက အစဉ်အလာ မပျက် ကျင်းပခဲ့သည်။

မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟိုခုံပရိယတ္တိစာသင်တိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂန္ဓရသဝံသောနှင့် ဆရာတော်၊ သံဃာတော်များအား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများကို လောင်းလှူခဲ့ကြသည်။

မိုင်းယောင်းမြို့၌ ဗုဒ္ဓဘာသာဝင် ဓလေ့ထုံးတမ်းအစဉ်အလာအရ သာသနာရေးဆိုင်ရာ ပွဲတော်တစ်ရပ်အဖြစ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နှစ်စဉ် တန်ဆောင်မုန်းလဆန်းတွင် ကျင်းပလေ့ရှိကြောင်း သိရသည်။

(အပေါ်ပုံ) (၅၀၅)

ကျေးလက်လမ်းလုပ်ငန်းများ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ဒကို့ဏ နိုဝင်ဘာ ၁၅

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်သည် ယမန်နေ့က တာဝန်ရှိသူများနှင့်အတူ ဒကို့ဏာသီရိမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေနေများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ငွေတောက်ရိုး-မန်ကျည်းကုန်း ကျေးရွာချင်းဆက်လမ်းအား အမာခံလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုရာ သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် အမြဲတမ်း အတွင်းဝန်က လုပ်ငန်းများကို မိုးမကျမီ ဖေဖော်ဝါရီလကုန်ပြီးစီးအောင် ဆောင်ရွက်ရန်၊ သတ်မှတ်စံချိန်၊ စံညွှန်းပြည့်မီရေး ဆောင်ရွက်ရန်၊ လမ်းအင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

သျှင်ဦးမောင်(ဒကို့ဏ)



သင့်ကျန်းမားရေးအတွက်၊ နေ့စဉ်လမ်းလျှောက်ပါ။

အခြေခံပညာအထက်တန်းအဆင့် အကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပို့စတာပြိုင်ပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၅

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်တွင် အနာဂတ်မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများ အာကာသသိပ္ပံနှင့်နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာနည်းပညာများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်၍ မြို့နယ်ပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသော မြို့နယ်အဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပို့စတာပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက အမှတ်(၃၀) အခြေခံပညာအထက်တန်းကျောင်း ခန်းမတွင် ကျင်းပခဲ့သည်။

ထို့နောက် မြို့နယ်အဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပို့စတာပြိုင်ပွဲများကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၃၀ ဦးက 'အသုံးချလေ့လာ အာကာသနည်းပညာ' ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်လျက်ရှိပြီး ထူးချွန်သူများ ရွေးချယ်ကာ တိုင်းဒေသကြီးအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပို့စတာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၀၆၉)



မိသားစုနှင့်အတူ စာဖတ်ကြစို့ (Read Together) အစီအစဉ် ကျင်းပ

ပျော်ဘွယ် နိုဝင်ဘာ ၁၅

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများအတွက် အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်ရေး၊ စာပေဖတ်ရှုတတ်သည့် အလေ့အကျင့်များရရှိစေရေးတို့အတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ မိသားစုနှင့်အတူစာဖတ်ကြစို့ (Read Together) အစီအစဉ်ကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၃ နာရီက မြို့နယ်ရုံး လူထုအခြေပြုဗဟို ဌာနခန်းမတွင် ကျင်းခဲ့သည်။

ရှေးဦးစွာ မိသားစုနှင့်အတူ စာဖတ်ကြစို့ (Read Together) အစီအစဉ်တွင် ပူးပေါင်းဆွေးနွေးခဲ့ကြသူများအနေဖြင့် ကလေးငယ်များ၊ ကျောင်းသားများ၊ ကျောင်းသူများ၊ ဘုန်းတော်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရဲဘော်ရဲဘက်များ၊ ရပ်ကွက်ခေါင်းဆောင်များ၊ ရပ်ကွက်ဝန်ထမ်းများ၊ ရပ်ကွက်ကျန်းမာရေးအသင်းဝင်များ



ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

အောင်လံ နိုဝင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် စမ်းကလေး(ရေတွင်းစု) ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက စမ်းကလေး(ရေတွင်းစု) ကျေးရွာတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ချစ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာသော ဧည့်ပရိသတ်များက ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်အား ကြည့်ရှုခဲ့ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ချစ်က အမှာစကားပြောကြားခဲ့ပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က စီမံကိန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျေးရွာလမ်းကော်မတီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ စမ်းကလေး(ရေတွင်းစု)ကျေးရွာ ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်သည် လမ်းအရှည် ပေ ၈၅၀ ရှိပြီး နိုင်ငံတော်မှ ပံ့ပိုးငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃၆ သန်း စုစုပေါင်းငွေကျပ် ၅၁ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

အာကာ(ပြန်/ဆက်)

ပတ်လည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေး

တောင်တွင်းကြီး နိုဝင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ပတ်လည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ပတ်လည်ကြီးကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်း အရာများ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ပတ်လည်ကြီးကျေးရွာ၌ နဝမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀အား လွှဲပြောင်းပေးအပ်ခဲ့သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပတ်လည်ကြီးကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၀ ဦးအား ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

ခွန်.ယဉ်(ကျေးလက်)

--*-*-*

အခမဲ့ကျန်းမာရေးနှီးနှောဖလှယ်ပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၅

ဆရာစိုင်း ဦးစီးသည့် We Care Healthcare မှ ကြီးမှူး၍ အိန္ဒိယနိုင်ငံ၊ အုပ်လိုဆေးရုံကြီးမှ ဝါရင့်အထူးကု ဆရာဝန်ကြီး သုံးဦးသည် နိုဝင်ဘာ ၁၃ ရက်တွင် မန္တလေးမြို့ရှိ Sakura Princess ဟိုတယ်သို့ လာရောက်၍ အခမဲ့ကျန်းမာရေးနှီးနှောဖလှယ်ပွဲ ကျင်းပခဲ့သည်။

လာရောက်ဆွေးနွေးပေးခဲ့သည့် ဆရာဝန်ကြီး သုံးဦးမှာ အိန္ဒိယနိုင်ငံ အုပ်လိုဆေးရုံကြီးမှ Prof: Dr. San- deep Guleria (ကျောက်ကပ်အစားထိုးခွဲစိတ်အထူးကုဆရာဝန်ကြီး)၊ Dr. Gaurav Kumar(ကလေးနှလုံးခွဲစိတ်အထူးကုဆရာဝန်ကြီး)နှင့် Dr. Varun Bansal (စက်ရုပ်နည်းပညာသုံးနှလုံးခွဲစိတ်အထူးကု ဆရာဝန်ကြီး)တို့ဖြစ်သည်။

အဆိုပါပွဲတွင် အိန္ဒိယနိုင်ငံသို့ သွားရောက် ဆေးကုသမည့် သူများအတွက် Cash Back ပရိုမိုးရှင်းများလည်း စီစဉ်ပေးခဲ့ပြီး အထူးကုဆရာဝန်ကြီးများ အနေဖြင့် လူနာရှင်များနှင့် တစ်ဦးချင်း ဆွေးနွေးအကဲဖြတ်ခဲ့ကြသည်။

We Care Healthcare ၏ ပံ့ပိုးကူညီမှုဖြင့် အုပ်လိုဆေးရုံကြီး၌ အောင်မြင်စွာ ခွဲစိတ်ကုသမှုခံယူပြီးခဲ့သည့် ကျောက်ကပ်လူနာပေါင်း ၂၅၀ ကျော်နှင့် နှလုံးဝေဒနာရှင် ကလေးငယ်လူနာပေါင်း ၇၀ ကျော် ရှိခဲ့ပြီဖြစ်သည်။

ဝန်ဆောင်မှုများအနေဖြင့် လူနာ၏ ဆေးစစ်ချက်အဖြေများကို ဆေးရုံသို့ပို့၍ သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် အသေးစိတ် ဆွေးနွေးတိုင်ပင်ခြင်း၊ မြန်မာနိုင်ငံတွင် လိုအပ်သော ကြိုတင်ဆေးစစ်ချက်များ စီစဉ်ဆောင်ရွက်ခြင်း၊ နိုင်ငံဝင်ခွင့်ဗီဇာ လျှောက်ထားပေးခြင်း၊ လေယာဉ်လက်မှတ် စီစဉ်ပေးခြင်း၊ လေယာဉ်ကွင်းမှ တည်းခိုရမည့်နေရာအထိ လူနာအကြို၊ အပို့ စီစဉ်ပေးခြင်း၊ ဆေးရုံအနီးတွင် နေထိုင်နိုင်ရန် တည်းခိုခန်း၊ ဟိုတယ် စီစဉ်ပေးခြင်း၊ စကားပြန်ဝန်ဆောင်မှုထားရှိပေးခြင်း၊ သီးသန့်စကားပြန် လိုအပ်ပါက စီစဉ်ဆောင်ရွက်ပေးခြင်း၊ ဆေးကုသမှု ပြီးဆုံး၍ မြန်မာပြည်သို့ ပြန်လာပြီးနောက် လစဉ်ပုံမှန် စစ်ဆေးနေကျ ဆေးစစ်ချက်များကို သက်ဆိုင်ရာ ဆရာဝန်ကြီးများထံသို့ ပို့ပေး၍ ညွှန်ကြားချက်များ ရယူပေးခြင်း၊ ဆရာဝန်ကြီးများမှ မြန်မာပြည်သို့ မကြာခဏလာရောက်၍ ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲများ စီစဉ်ပေးခြင်းစသည့် ဝန်ဆောင်မှုများအတွက် မည်သည့် ဝန်ဆောင်ခမှ ပေးစရာမလိုဘဲ အခမဲ့ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံအပါအဝင် နိုင်ငံရပ်ခြားသို့ ဆေးကုသသွားရောက်လိုသူများအနေဖြင့် We Care Healthcare Services ဖုန်း ၀၉-၇၅၆၆၆၂၉၃၀၊ ၀၉-၉၇၀၇၁၆၀၇၄၊ ၀၉-၄၅၁၉၂၂၉၉၂၊ ၀၉-၇၆၅၃၉၇၀၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(၀၇၀)

ဒေသဖွံ့ဖြိုးရေးနှင့် တောင်သူပညာပေး ကွင်းဆင်းဆောင်ရွက်

မိုင်းယျင်း နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းယျင်းမြို့နယ်၊ ယမ်းခမ်းကျေးရွာအုပ်စု၊ ယမ်းခမ်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးနှင့် တောင်သူပညာပေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက ကျေးရွာဘက်စုံသုံးခန်းမတွင် ကျင်းပခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာ၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းကျော်ဦးဆောင်သော ဌာနဆိုင်ရာများက ယမ်းခမ်းကျေးရွာနေပြည်သူများအား စူပါအယ်လ်နီညို အကြောင်း၊ စူပါအယ်လ်နီညို ဖြစ်ပွားချိန်တွင် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်၊ သတိပြုရန်အကြောင်းများ၊ သစ်တောမီးရှို့ခြင်းများ ဆောင်ရွက်ခြင်းမပြုကြရန်၊ မီးဘေးအန္တရာယ်အထူးသတိပြုကြရန်၊ လယ်ယာမြေကိစ္စရပ်များ၊ ကျားဖြန့်လုပ်ငန်းများတွင် ပါဝင်ဆက်နွယ်မှု မရှိစေရေးအကြောင်းများ စသဖြင့် အလှည့်ကျ အသိပညာပေးဟောပြောခဲ့ကြသည်။ ဟောပြောပွဲအပြီးတွင် မြို့နယ်သစ်တောဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ သစ်တောထိန်းသိမ်းရေး၊ တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးနံ့ပေးရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ အသိညာပေးဟောပြောပွဲသို့ ယမ်းခမ်းကျေးရွာမှ ရွာသူ၊ ရွာသားများ တက်ရောက်ခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးတို့က ကျေးရွာ စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုများကို တစ်ဆက်တည်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

ကျွန်းလှမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကျွန်းလှ နိုဝင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက ပိတောက်မြိုင်ရပ်ကွက်၊ အောင်မြေဘုန်းတော်ကြီးကျောင်းတိုက်တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအား ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**



(၄၈၀)



ဘဏ်ရည်ဖွံ့ဖြိုးစေရန် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

မွင့်ဖြူ နိုဝင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဘဏ်ရည်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ နိုဝင်ဘာ ၁၃ ရက်က မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနတွင် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပခဲ့သည်။

ရွေးဦးစွာ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က အဖွင့်အမှာ စကားပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထိန်လင်းက ပုံပြင်ပြောပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ လိုက်နာရမည့် ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပုံပြင်ပြောပြိုင်ပွဲကို ကျင်းပရာ ပွင့်ဖြူမြို့၊ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၃ ဦးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၄၄၅)

စားသုံးသူနှစ်နာမှုမရှိစေရေးနှင့် ကုန်ကျွန်းအမှတ်အသားပြည့်စုံမှုရှိစေရေး အသိပညာပေး ကွင်းဆင်းဆောင်ရွက်

မိုင်းဆတ် နိုဝင်ဘာ ၁၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ စားသုံးသူနှစ်နာမှုမရှိစေရေးနှင့် ကုန်ကျွန်းအမှတ်အသားပြည့်စုံမှုရှိစေရေး အသိပညာပေးခြင်းကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မြို့မဈေးအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထို့သို့ ကွင်းဆင်းဆောင်ရွက်ရာတွင် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက မြို့မဈေးအတွင်း စားသုံးသူနှစ်နာမှုမရှိစေရေး စားသုံးသူအပေါ် အာမခံချက်ပေးထားသည့်ကာလအတွင်း အသုံးပြုနိုင်ရန် ကုန်စည်ကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကုန်စည်များ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချရာတွင် ကုန်ကျွန်းအမှတ်အသားပြည့်စုံမှုရှိစေရေးနှင့် စားသုံးသူနှစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ ဆက်သွယ်တိုင်ကြားနိုင်သည့်နည်းလမ်းများကို



အသိပညာပေး ပြောကြားကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် မြို့သစ်ရပ်ကွက်ဆေးရုံလမ်းဆုံ၌ စားသုံးသူနှစ်နာမှု မရှိစေရေးနှင့် ကုန်ကျွန်းအမှတ်အသားပြည့်စုံမှုရှိစေရေး အသိပညာပေးမြေစိုက်ဘုတ်အား စိုက်ထူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

o–o–o–o–o–o

ဝက်သက်-ဂျိုက်သိုး ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

မတ္တရာ နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်တွင် အသက် ကိုးလမှ ၅၉ လအတွင်းရှိ ကလေးငယ်များအား ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေးများကို ထပ်ဆောင်းထိုးနှံပေးလျက်ရှိရာ နိုဝင်ဘာ ၁၃ ရက်တွင် မုရွေးကျေးလက်ကျန်းမာရေးဌာနခွဲနှင့် အခြားဆေးထိုးစုရပ်များတွင် ဆက်လက်ထိုးနှံ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မုရွေးကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးဝန်ထမ်းများက အသက် ကိုးလမှ ၅၉ လအတွင်း ရှိ ကလေးငယ်များအား စာရင်းမှတ်ယူခြင်း၊ ကိုယ်အလေးချိန်တိုင်းတာခြင်း၊ လက်မောင်းလုံးပတ်များ တိုင်းတာခြင်း၊ မျက်စိအားဆေးများ တိုက်ကျွေးခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

မတ္တရာမြို့နယ်တွင် အသက်ကိုးလမှ ၅၉လအတွင်းရှိ ကလေးငယ်များအား ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေးများကို ထပ်ဆောင်းထိုးနှံပေးလုပ်ငန်းကို နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ သက်မှတ်ဆေးထိုးစုရပ်များတွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ရွှေရာသား(ပြန်/ဆက်)



အထက်တန်းအဆင့် အသုံးချလေ့လာအာကာသနည်းပညာ ခေါင်းစဉ်ပြိုင့် ပန်းချီ၊ ကာတွန်း၊ ပိစတာပြိုင်ပွဲ ကျင်းပ

တံတားဦး နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် အနာဂတ်မျိုးဆက်သစ် လူငယ်များ အာကာသသိပ္ပံနှင့် နည်းပညာအပေါ် စိတ်ဝင်စားမှု ရှိလာစေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ အနုပညာရသ ခံစားမှုရရှိစေရန် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းမှ အထက်တန်းအဆင့် 'အသုံးချလေ့လာအာကာနည်းပညာ' ခေါင်းစဉ်ဖြင့် ပန်းချီ၊ ကာတွန်း၊ ပိစတာပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

တံတားဦးမြို့နယ်အနေဖြင့် မူလတန်းအဆင့် 'အာကာသ အိပ်မက်' ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၁ ရက်တွင် အဆိုပါကျောင်း၌ ပန်းချီပြိုင်ပွဲတွင် ၅၃ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၁၂ ဦး၊ ပိစတာပြိုင်ပွဲတွင် ခုနစ်ဦး၊ အလယ်တန်းအဆင့်တွင် 'လူသားနှင့်အနာဂတ် အာကာသ' ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၂ ရက်က ပန်းချီပြိုင်ပွဲတွင် ၅၃ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ခြောက်ဦး၊ ပိစတာပြိုင်ပွဲတွင် လေးဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ထို့အပြင် ပြိုင်ပွဲအသီးသီးတွင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား တိုင်းဒေသကြီးအဆင့် သို့ ဆက်လက်ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါပြိုင်ပွဲသို့ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဇော်အောင်နှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ တက်ရောက်ကြပြီး ပါဝင်ယှဉ်ပြိုင်နေကြသည့် ကျောင်းသား၊ ကျောင်းသူများအား အားပေးစကားပြောကြားသည်။ မြို့နယ်အတွင်းရှိ အထက်တန်းအဆင့် 'အသုံးချလေ့လာအာကာသနည်းပညာ' ခေါင်းစဉ်ဖြင့် ပန်းချီပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ၁၅ ဦး၊ ကာတွန်းပြိုင်ပွဲတွင် နှစ်ဦး၊ ပိစတာပြိုင်ပွဲတွင် နှစ်ဦး၊ ပါဝင်ယှဉ်ပြိုင်သူ စုစုပေါင်း ၁၉ ဦး ရှိကြောင်း သိရသည်။**(အောက်ပုံ)**

(၄၀၉)



မြို့သစ်မြို့နယ်၊ ချောင်းရိုး(တ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

မြို့သစ် နိုဝင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ချောင်းရိုး(တ)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ထောက်ပံ့ရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများမှ ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင်း မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သူဇာလွင်နှင့် ဝန်ထမ်းများမှ ကျေးရွာလုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့်အတူ ချောင်းရိုး(တ)ကျေးရွာ၌ ကျေးရွာတွင်း လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီးနောက် ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားခဲ့သည်။

မြို့သစ်မြို့နယ် ချောင်းရိုး(တ)ကျေးရွာ၌ အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မ ရှိသော ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၁၅၀ ၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် သိန်း ၉၀ ၊ စုစုပေါင်းငွေကျပ် သိန်း ၂၄၀ ဖြင့် မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကို ယ်တို ငါ အောက်တိုဘာ ၆ ရက်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ချောင်းရိုး(တ)ကျေးရွာရှိ အိမ်ခြေ ၆၉ အိမ်မှ လူဦးရေ ၃၉၃ ဦးတို့၏ သွားလာရေးလွယ်ကူစေမည်ဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးထံမှ သိရသည်။

(ဝဲပုံ)



ရေတွင်းကျေးရွာ၌ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု လျော့နည်းစေရေး အသိပညာပေးဟောပြော

ချောက် နိုဝင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန်အတွက် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု လျော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၁ ရက်က ရေတွင်းကျေးရွာ၌ ကျင်းပခဲ့သည်။

ရွေးဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု လျော့နည်းစေရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိစေရေး အတွက် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရေတွင်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ရွာသားများ တက်ရောက်ခဲ့ကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

ဃေလေး

o-o-o-o-o





လူထုအခြေပြုဗဟိုဌာန၌ စွမ်းဆောင်ရည်မြင့်မားရေး ရုံးစာရေးသားနည်းသင်တန်းဖွင့်လှစ်

ညောင်ဦး နိုဝင်ဘာ ၁၅

ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားရေး၊ သတ်မှတ်ချိန်အတွင်း မှန်ကန်မြန်ဆန်စွာနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက စွမ်းဆောင်ရည်မြင့်မားရေးရုံး စာရေးသားနည်းသင်တန်း ဒုတိယနေ့ ဆက်လက်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ထို့နောက် ရုံးစာရေးသားနည်းသင်တန်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချိုက စွမ်းဆောင်ရည်မြင့်မားရေး ဒုတိယနေ့ သင်တန်းဆက်လက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် မိမိတို့ဝန်ထမ်းများ တစ်ဦးချင်းစွမ်းဆောင်ရည်မြင့်မားစေရေးအတွက် ယခုလို သင်တန်းများ ဖွင့်လှစ်ပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်ဦး၊ ကျောက်ပန်းတောင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးရာရှိ ဒေါ်သူဇာစိုး၊ ဒေါ်မေသက်နွယ်တို့က ရုံးလုပ်ငန်းလက်စွဲစာအုပ်ပါ ရုံးလုပ်ငန်းသဘောတရား၊ ရုံးစာရေးသားနည်း အမျိုးအစား၊ ဝင်စာများကို အရေးယူဆောင်ရွက်ခြင်း၊ ထွက်စာများကို အရေးယူဆောင်ရွက်ခြင်း စသည်တို့ကို အသေးစိတ် လက်ရှိဆောင်ရွက်နေမှုများနှင့် နှိုင်းယှဉ်၍ ဆွေးနွေးသည်။အဆိုပါသင်တန်းသို့ Zoom Application ဖြင့် ကျောက်ပန်းတောင်းမြို့နယ်ရုံး၊ ငါးသရောက်မြို့ရုံး၊ ညောင်ဦးရုံးတို့မှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး နှစ်ရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၃)

ရေဆင်းပေါ်ဆန်း စံကွက်ရိတ်သိမ်းခြင်း ကွင်းလက်တွေ့သရုပ်ပြပွဲကျင်းပ

မိုင်းဆတ် နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ ရေဆင်းပေါ်ဆန်း စံကွက်ရိတ်သိမ်းခြင်း ကွင်းလက်တွေ့သရုပ်ပြပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ဝိန်းနေရပ်ကွက်ရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနပိုင်လယ်မြေ၌ ကျင်းပခဲ့သည်။

အဆိုပါ ရေဆင်းပေါ်ဆန်းစံကွက်ရိတ်သိမ်းခြင်း လက်တွေ့သရုပ်ပြပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးစိုးရွှေနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်ချုပ်ရေးမှူး ဦးမျိုးမင်း၊ ထွန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဝိန်းနေရပ်ကွက်ရှိ ဌာနပိုင်လယ်မြေ ၁၅ ဧကတွင် ရေဆင်းပေါ်ဆန်း-၁ နှစ်ဧက၊ ရေဆင်းပေါ်ဆန်း-၂ သုံးဧက၊ ပေါ်ဆန်းရင် ၁၀ ဧကအား ၆ ဒသမ ၆ ပေ ×၆ ဒသမ ၆ပေ စံကွက်ငယ် ရိတ်သိမ်းထွက်ရှိမှုမှာ ရေဆင်းပေါ်ဆန်း-၁ အစို ၈၈ ဒသမ ၆၄ တင်း၊ အခြောက် ၇၉ ဒသမ ၇၈ တင်းနှင့် ရေဆင်းပေါ်ဆန်း-၂ မှာ အစို ၉၄ ဒသမ ၆၉ တင်း၊ အခြောက် ၈၅ ဒသမ ၂၂ တင်း၊ ပေါ်ဆန်းရင်အစို ၁၀၁ ဒသမ ၂၄ တင်း၊ အခြောက် ၉၁ ဒသမ ၅၂ တင်း ထွက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)





အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး

မိတ္ထီလာ နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့က ပျော်ကုန်းစပြကျေးရွာတွင် ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထိုက်က အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုများ မှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းများ ဖြစ်ပေါ်လာနိုင်သည့် အတွက် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ လေလွင့်မှုမရှိအောင် စနစ်တကျ သုံးစွဲကြရန်နှင့် အယ်လ်နီညိုအပူဒဏ် ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ရှောင်ကြဉ်ရမည့် အချက်များအား ဟောပြောခဲ့ပြီး ဝန်ထမ်းများက ဒေသခံ ပြည်သူများအား အယ်လ်နီညိုရာသ ဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက် ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၆၉)

ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

သရက် နိုဝင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VD P) ပံ့ပိုးငွေဖြင့် အင်းမငယ်ကျေးရွာအုပ်စု၊ စခန်းကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၂ ဦးရဲထွဋ်ကျော်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စခန်းကြီး ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး အငယ်တန်းအင်ဂျင်နီယာ-၂ က ဆောင်ရွက်ပြီး လုပ်ငန်းအား ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် မှာကြားခဲ့သည်။

စခန်းကြီးကျေးရွာ၌ အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ ထူခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးငွေကျပ် ၁၅သန်း၊ ပြည်သူထည့်ဝင် ငွေကျပ် ကိုးသန်း၊ စုစုပေါင်း ငွေကျပ် ၂၄သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) ဆက်လူ



လှည်းပြင်ကွဲကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

နေပြည်တော် နိုဝင်ဘာ ၁၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်သာကျေးရွာအုပ်စု၊ လှည်းပြင်ကွဲကျေးရွာ၌ ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ရပ်မိ၊ ရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၄ ဒသမ ၂ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လှည်းပြင်ကွဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၇ ဒသမ ၇သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၄ ဒသမ ၂၅သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂ ဒသမ ၂၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၀ ဦးကို VRFP ရန်ပုံငွေကျပ် ၁၄ ဒသမ ၂ သန်းကို နေ့ချင်းပြီး ထုတ်ချေးပေးခဲ့ကြောင်း ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ **(ဝဲပုံ)**

နော်လူး(ကျေးလက်)



မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ (ဒသမ)အကြိမ်မြောက် ထုတ်ချေး

ပျဉ်းမနား နိုဝင်ဘာ ၁၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ (ဒသမ)အကြိမ်မြောက် ထုတ်ချေးပေးခြင်းကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများမှ သနပွင်ဆိပ်ကျေးရွာအုပ်စု၊ သနပွင်ဆိပ်(အနောက်) ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ပထမဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက သနပွင်ဆိပ်(အနောက်)ကျေးရွာရှိ ကျေးလက်နေ ပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈ ဒသမ ၆၈ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

